# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးမြစ်ရေကြီးမှု ယာယီရေဘေးရှောင်စခန်း ၁၀ခု ဖွင့်လှစ်ကာ ကူညီဆောင်ရွက်ပေးနေ



ပဲခူး ဇူလိုင် ၂၈

ပဲခူးမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် ပဲခူးမြို့၏ စိုးရိမ်ရေမှတ် ၈၈၀ စင်တီမီတာအထက် ၉၇စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေသောကြောင့် ပဲခူးမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများသို့ ရေများဝင်ရောက်လျက်ရှိသည့်အပြင် ပဲခူးမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းမပေါ်သို့ ရေကျော်လျက်ရှိသည်။

ရေဘေးသင့်ပြည်သူများအား ဖိုင်း/တောင်ရပ်ကွက်ရှိ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၊ ဝဂ်ဘာဘုန်းကြီးကျောင်း၊ ရွှေဘုန်းပွင့်ဘုန်းကြီးကျောင်း၊ ကျွန်းသာယာရပ်ကွက်ရှိ မင်္ဂလာဇေယျုံကျောင်းတိုက်၊ ရွှေနံ့သာကျောင်းတိုက်၊ ရွာသစ်ရပ်ကွက်ရှိ အလက(ခွဲ)ရွာသစ်ကျောင်း၊ ဥဿာ(၇)ရပ်ကွက်ရှိ ဒက္ခိဏာသာခါကျောင်းတိုက်၊ ကလျာဏီရပ်ကွက်ရှိ ကလျာဏီသိမ်ကျောင်းတိုက်၊ မဇင်းရပ်ကွက်ရှိ လေးမျက်နှာကျောင်းတိုက်၊ မြို့သစ်ရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုန်းကြီးကျောင်းတို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ

စာမျက်နှာ ၃ ကော်လံ ၁ ○

## ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂ ရက်အတွင်း သက်တမ်းတိုးခွင့်ရရှိသည့်စာရင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

ရန်ကုန် ဇူလိုင် ၂၈

ဇူလိုင် ၂၉ရက်မှစ၍ ဩဂုတ် ၂ ရက်အတွင်းလာရောက်၍ သက်တမ်းတိုးခွင့်ရရှိသည့်စာရင်းအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေး ကြေညာထားသည်။

မြန်မာသံရုံး စင်ကာပူမြို့၌ Online Appointment ရယူရန် အခက်အခဲရှိသည့် နိုင်ငံကူးလက်မှတ်သက်တမ်း သို့မဟုတ် နေထိုင်ခွင့်သက်တမ်း ခြောက်လအောက်နှင့် ကျန်ရှိသူများအနက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂ ရက်အတွင်း လာရောက်၍ သက်တမ်းတိုးခွင့် ရရှိသည့်စာရင်းကို ကြေညာထားရာတွင် ဇူလိုင် ၂၉ ရက်တွင် ၂၅ ဦး၊ ဇူလိုင် ၃၀ ရက်တွင် ၂၄ ဦး၊ ဇူလိုင် ၃၁ ရက်တွင် ၂၃ ဦး၊ ဩဂုတ် ၁ ရက်တွင် ၂၃ ဦး၊ ဩဂုတ် ၂ ရက်တွင် ၂၄ ဦးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သက်တမ်းတိုးလာရောက် ဆောင်ရွက်သူများသည် နံနက် ၁၀ နာရီအရောက် သံရုံးသို့လာရောက်ရန်၊ Passport နှင့် IC Card မူရင်း/မိတ္တူများ ယူထားရန်၊ သက်တမ်းတိုးရန်အတွက် ပုံစံများအား ဓာတ်ပုံတစ်ပုံနှင့်အတူ ပြည့်စုံစွာဖြည့်စွက်ထားရန်နှင့် သတ်မှတ်ထားသည့်ရက်အတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်ကျော်လွန်ပါက သီးခြားထပ်မံလျှောက်ထားရန် လိုအပ်ကြောင်း အသိပေးထားသည်။

မြန်မာသံရုံး၏ WhatsApp သို့ စာရင်းပေးပို့ရာတွင် စာရွက်စာတမ်းအတု၊ အခကြေးငွေရယူသူများမှ တစ်ဆင့်ပေးပို့လာခြင်းများအပေါ် သက်တမ်းတိုးဆောင်ရွက်ပေးမည် မဟုတ်ကြောင်း၊ မြန်မာသံရုံးဘက်မှ မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အေးဂျင့်များကိုမျှ ဝန်ဆောင်မှုရယူရန်နှင့် တန်းစီဇယားလုပ်ဆောင်ခွင့် ပေးအပ်ထားခြင်းမရှိကြောင်း အသိပေးထားသည်။

မြန်မာသံရုံး၏ WhatsApp သို့ ပေးပို့ရာ၌ နေ့ရက်တစ်ခုအတွင်း နှစ်ကြိမ်ခန့် ပေးပို့နိုင်ပြီး နောက်ရက်များတွင်

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ ဖတ် စ ရာ


စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း — စာ ၇

ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရ — ဆောင်းပါး — စာ ၁၀

ကျောက်ကြီးမြို့နယ်၌ တောင်ကျချောင်းရေကြီးမှုကြောင့် ပြည်သူများ ဘေးလွတ်ရာပြောင်းရွှေ့ — ပြည်တွင်းသတင်း — စာ ၁၁

မိုးနှမ်းများအထွက်ကောင်းပြီး ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်လျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၂

ထိုင်းနိုင်ငံ၏ သမဝါယမစနစ်ကို လေ့လာခြင်း — ဆောင်းပါး — စာ ၁၆

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာ



**မန္တလေး ဇူလိုင် ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ် ၏ ဖိတ်ကြားချက်အရ တီဟီရန်မြို့၌ ကျင်းပပြုလုပ်မည့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် ၏ **ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား** (Swearing-in Ceremony) သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စုရှိ တောင်သူများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ဆီထွက်သီးနှံ ဆင်းရွှေကြာ မိုးနေကြာစံပြစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံကာ သီးနှံများ၏ ဈေးကွက်အခွင့်အလမ်းကောင်းများ၊ စိုက်ပျိုးရေး သွင်းအားစုစရိတ် သက်သာစေမည့် နည်းလမ်းများ၊ အထွက်နှုန်းနှင့်သီးနှံအရည်အသွေး ကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြား၍ သွင်းအားစုမြေဩဇာများ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ရေဆင်းငါးသားဖောက်စခန်း၌ ကျင်းပသည့် ငါးဆေးထိုးသားဖောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ငါးမွေးကန် ၄၃၉ ဒသမ ၆ ဧက၌ ငါးမွေးမြူ ထုတ်လုပ်လျက်ရှိကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသရှိ ငါးမွေးမြူရေး လုပ်ငန်းအတွက် အရည်အသွေး ကောင်းမွန်သော ငါးသားပေါက်များ ထုတ်လုပ်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက နည်းပညာများ ပံ့ပိုးပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် သင်တန်းမှရရှိသည့်စာတွေ့လက်တွေ့နည်းပညာများကို အသုံးပြု၍ ကိုယ်တိုင်မွေးမြူ ထုတ်လုပ်နိုင်ကြခြင်းဖြင့် ငါးမွေးတောင်သူ မိသားစုများ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စု တောက်ထိန်ကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံ၏ ဥစားကြက်ကောင်ရေ ၆၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်ဥဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးအားပေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အကြံပြု ဆွေးနွေးမှာကြားသည်။



ဒေသ၊ ရေ၊ မြေနှင့်ကိုက်ညီသည့် ဆီထွက်နေကြာ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တောင်သူများ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိစေမည့် သီးနှံအထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများက နည်းပညာနှင့် လိုအပ်ချက်များ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန် - မန္တလေးကားလမ်း ရေကျော်နေသည့် ကျွန်းသာယာရပ်ကွက်၊ ခေါင်းဆေးကျွန်းနေရာ၊ မဇင်း(၁)လမ်းထိပ်နှင့် ဇိုင်း/မြောက်နှင့် ဇိုင်း/တောင်ရပ်ကွက်အကြားရှိ မင်းလမ်းမတို့တွင် ဖြတ်သန်းသွားလာနေသည့် ယာဉ်များနှင့်လူများ ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်ဖြိုးကြိုင် (ပြန်/ဆက်)**

❖ ***ရှေ့ဖုံးမှ***

ထပ်မံပေးပို့ခြင်း မပြုကြရန်နှင့် ထပ်မံပေးပို့မှုပြုပါက ၎င်းပေးပို့သည့် အကြိမ်တိုင်းတွင် တန်းစီဇယားအနောက်သို့ ရောက်ရှိနိုင်သဖြင့် မလိုလားအပ်ဘဲ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ပေးပို့ပြီး တစ်ပတ်အတွင်း သံရုံး Website ၌ ထုတ်ပြန်ကြေညာသည့်စာရင်းကို အမည်စာရင်းပါဝင်မှုရှိ/မရှိ စောင့်ကြည့်ပေးရန် အသိပေးထားသည်။

စင်ကာပူနိုင်ငံရောက် အသက် (၆၅) နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးဆောင်ရွက်ရာတွင် သံရုံး Website, WhatsApp တို့၌ ကြိုတင်ရက်ချိန်းယူရန်မလိုအပ်ဘဲ ဦးစားပေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ သံရုံးသို့ နံနက်ပိုင်းတွင် လူကိုယ်တိုင် တိုက်ရိုက်လာရောက်သက်တမ်းတိုး ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထားသည်။ **MT**

## “Peacock Pansy ” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် ဇူလိုင် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား မှတ်ချက်ပြုထားသည့် “ Peacock Pansy ” လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား **ဇူလိုင် (၃၁) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၁)ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲ** မှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊




ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇူလိုင် (၃၁) ရက် (ဗုဒ္ဓဟူးနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေ ခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီးများ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ပုဂံခေတ်ရေအရင်းအမြစ်ဆိုင်ရာ ရေလမ်းကြောင်း၊ ရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ ပုဂံမြို့ဟောင်း ကျုံးတူးဖော်ထိန်းသိမ်းမှုများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော်  ဇူလိုင်  ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အင်တောကျေးရွာ ရှစ်လက်မ စက်ရေတွင်းတူးဖော်မှု၊ ဆည်ပေါက်ရှိ စက်ရေတွင်းများ တူးဖော်ရန်လျာထားမှု၊ မြို့ရေပေးဝေမှု၊ ကျောက်ပန်းတောင်းမြို့၏ အနောက်မြောက်ဘက် ၆ မိုင်ခန့်အကွာရှိ ကျွန်းခင်းကြီး ရေလှောင်တမံအမှတ် (၂) (အလျား ပေ ၂၇၀၀၊ အမြင့် ပေ ၇၀) တည်ဆောက်ရန်လျာထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးများက မြို့ရေပေးဝေရေး၊ ပိုက်လိုင်းများ ပြန်လည်သွယ်တန်းနိုင်ရေး Plan ရေးဆွဲဆောင်ရွက်ရန်၊ မြို့နေလူထုအနေဖြင့်လည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် တည်ဆောက်ဆဲ ကျွန်းခင်းကြီး ရေလှောင်တမံတွင် ဂါလန်တစ်သိန်းဆံ့ ကန်ကို တည်ဆောက်၍ ဆိုလာစနစ်ဖြင့် ရေစုပ်ယူရန်နှင့် ကျောက်ပန်းတောင်းမြို့ ရေပေးဝေရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ညောင်ဦးမြို့နယ်ရှိ မြကန်ပြုပြင်ထိန်းသိမ်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် မြကန်ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ခြင်းနှင့် တုရင်တောင်စိမ်းလန်းစိုပြည်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒေသမျိုးရင်း သစ်မျိုးများဖြင့် ကွန်တိုဘောင်စိုက်ပျိုးဆောင်ရွက်ခြင်းများကို ငါးနှစ် စီမံကိန်းဖြင့် ဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ၂၃၅ ဘောင်တွင် ၇၇၉ ပင် စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက စနစ်တကျ အရည်အသွေးကောင်းကောင်းနှင့် အောင်မြင်စွာ စိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်သည့် ကုန်းတန်းကြီးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း ၁ မိုင် ၄ ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖျောက်ဆိပ်ပင်ကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၃ ဖာလုံ၊ အရှေ့ဖွားစော ကျေးရွာအဝင်မှ ဇယဝေဒီကန်အထိ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ၁ မိုင် ၂ ဒသမ ၃ ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆယ်ယူပြုပြင် ထိန်းသိမ်းခဲ့သည့် ဖျောက်ဆိပ်ပင်ကန် (၁)၊ (၂)၊ (၃) နှင့် ကျောက်အိုးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆယ်ယူထိန်းသိမ်းခဲ့သည့် ဇယဝေဒီကန်နှင့် မင်္ဂလာကန် (၃) တို့ကိုလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ ရှေးဟောင်းရေကန် ကန်ပေါင်နှင့် အနီးဝန်းကျင်နေရာများတွင် မူလသစ်ပင်ချုံနွယ်များနေရာ၌ မန်ကျည်းပင်၊ တမာပင်များ အစားထိုးစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဇယဝေဒီကန်နှင့် မင်္ဂလာကန် (၃) ပတ်ဝန်းကျင်တွင် မန်ကျည်းပင်နှင့် တမာပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တာဝန်ရှိသူက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မင်းနန်သူကျေးရွာ အဝင်လမ်း ၂ မိုင် ၃ ဖာလုံမှ အာနန္ဒာဘုရားသို့ သွားသောလမ်းပေါ်၌ ဂျင်းကျောက်လမ်း နမူနာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ကမ္ဘာ့အမွေအနှစ် ဒေသဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ် မထိခိုက်စေရန် စိစစ်အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပုဂံခေတ်ရေစီမံခန့်ခွဲမှုစနစ်ကို သုတေသနပြုရင်း ထိန်းသိမ်းမွမ်းမံမှုကိုပါ ပူးတွဲဆောင်ရွက်ရန်၊ နိုင်ငံတော်အကြီးအကဲသည် ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထား၍ တန်ဖိုးထား ထိန်းသိမ်းအားပေးသည်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဟန်ချက်ညီညီဖြင့် ဆောင်ရွက်ရန်၊ မပြီးပြတ်သေးသော ဆောင်ရွက်ဆဲ လမ်းညွှန်ချက်များကို တွန်းအားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ဆယ်ယူလျက်ရှိသည့် ပြာသာဒ်ကန် (ကန်သစ်ကန်)၊ ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံး (တောင်ဘက်ခြမ်း) တူးဖော်မှုနှင့် မြောက်ဘက်ကျုံးတူးဖော်ရန် လျာထားဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်း ပြန်လည်ဖော်ထုတ်ခြင်းတွင် ရေလမ်းကြောင်း သုံးကြောင်း ခွဲခြားဆောင်ရွက်မှု၊ ကွင်းဆင်း၍ အသေးစိတ်တိုင်းတာ တွက်ချက်ရရှိလာသော ရေလမ်းကြောင်း သုံးခုလုံး၏ Topographic Map အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပုံစံဒီဇိုင်း ထုတ်ယူနိုင်ရေးအတွက် ရေးဆွဲပေးနေကြောင်း၊ အဆိုပါအချက်အလက်များကိုလည်း ကမ္ဘာ့အမွေအနှစ် စင်တာသို့ ပေးပို့မည့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation အစီရင်ခံစာတွင် ထည့်သွင်းသွားရန် မှာကြားသည်။

**မြစ်ရေတိုးမှုကာကွယ်နိုင်ရန် စီမံဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရေလမ်းကြောင်းအမှတ်(၁) ၏ အဆုံးဖြစ်သော ပုဂံမြို့ဟောင်းမြောက်ဘက်ကျုံးမှ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းသည့် လမ်းကြောင်းတစ်လျှောက်အတိုင်း သွားရောက်ကြည့်ရှုပြီး ရေလမ်းကြောင်းအမှတ် (၂) ၏ အဆုံးဖြစ်သည့် ဧရာဝတီမြစ်တွင်းသို့ စီးဝင်သော ဝက်ကြီးအင်းချောင်း (အရှည် ၃၀၇၅ ပေ၊ အောက်ပိုင်း အကျယ် ပေ ၈၀ နှင့် အပေါ်ပိုင်း ပေ ၅၀) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ မြစ်ရေတိုးမှု ကာကွယ်နိုင်ရန် စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

**နေပြည်တော်  ဇူလိုင်  ၂၈**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် (၂၂) ကန် ပြန်လည်တူးဖော် ထိန်းသိမ်းပြီး ဖြစ်ပါသည်။ ရေကန် (၇) ကန်ကို ပြန်လည်တူးဖော် ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

ကျန်ရှိနေသော ရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း ၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.0671 3906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## မြစ်သားမြို့နယ်၌ မိုးစပါး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ၊ မိုးနေကြာ မျိုးစေ့များ ပေးအပ်

**မြစ်သား  ဇူလိုင်  ၂၈**

မြစ်သားမြို့နယ်ရှိ တောင်သူများအား မိုးစပါး၊ မိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါ(B-31)၊မိုးနေကြာ မျိုးစေ့များအခမဲ့ ပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးရုံး၌ ဇူလိုင် ၂၈ ရက်က ကျင်းပသည်။

အဆိုပါမျိုးစေ့အခမဲ့ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုပြင်ပြောင်းလဲရမည့် အချက်ငါးချက်ကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားသည် မျိုးကောင်း/သန့် ပြောင်းလဲစိုက်ပျိုးသည့် တောင်သူများကို အထောက်အပံ့ဖြစ်မည် ဖြစ်ကြောင်း၊ မျိုးကောင်း/သန့် သုံးစွဲစိုက်ပျိုးလျှင် သီးနှံ၏ အထွက်နှုန်း ၂၀% ပိုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးထွန်းစိုးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များက မျိုးကောင်း/သန့် စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား မျိုးစေ့များ အခမဲ့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။(အောက်ပုံ)

**မောင်ကျော်ကြီး**



# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးမြို့တွင်း ရေဝင်ရောက်မှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့

**ပဲခူး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများ၊ ပဲခူးမြို့နယ် ခေတ္တတပ်နယ်မှူးတို့နှင့်အတူ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ပဲခူးမြို့တွင်း ရေဝင်ရောက်မှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် မြို့သစ်(၄)ရပ်ကွက်နှင့် ကျောက်ကြီးစုရပ်ကွက်အတွင်း ပဲခူးမြစ်ရေဝင်ရောက်နေမှုနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များက ရေဘေးသင့်အိမ်ထောင်စုများ ပြောင်းရွှေ့ပေးနေမှုအား စက်လှေများဖြင့် လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် ရေဝင်ရောက်သည့် ရပ်ကွက်များရှိ နေအိမ်တွင်ကျန်ရှိသူများ စားသုံးမှုအဆင်ပြေစေရေး ထမင်းထုပ်များ လိုက်လံပို့ဆောင်ပေးရန်နှင့် ရပ်ကွက်အလိုက် ကျန်းမာရေးအဖွဲ့များ သီးခြားဖွဲ့စည်းထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ကြီးစုတာအား ရေကျော်မှုမရှိစေရေး သဲအိတ်ဖို့ယာယီရေတားတာ ပြုလုပ်နေမှုအား လှည့်လည်ကြည့်ရှုခဲ့သည်။ ယင်းနောက် ကျောက်ကြီးစုရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသုံးကုန်များ ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများ စားသုံးမှုအဆင်ပြေစေရေး ချက်ပြုတ်ရေးအဖွဲ့များ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် ထားရှိ၍ ချက်ကျွေးရန်၊ ရေဘေးကယ်ဆယ်ရေးခစန်းများရှိ ကျန်းမာရေးအဖွဲ့များမှ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းတို့အား ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မြို့မဈေးကြီးအတွင်းရှိ ညောင်ဝိုင်း(၁၉) လမ်းထိပ် ပဲခူးမြစ်ရေ ဝင်ရောက်နေမှုအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ၊ မြို့မိ/မြို့ဖများ ပူးပေါင်း၍ သဲအိတ်ကာရေတားတာပြုလုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယမန်နှစ်က ရေကျော်ဝင်ရောက်ခဲ့သည့် ပုဏ္ဏားစုရပ်ကွက်ရှိ ပဲခူးမြစ်ရေဘေးကာကွယ်ရေးတာတစ်ခုဖြစ်သည့် ပန်းလှိုင်တာ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သဲအိတ်ကာခြင်းဆောင်ရွက်နေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးပြီး တာအနိမ့်ပိုင်းနေရာများအား သဲအိတ်နှစ်ထပ်ကာခြင်း၊ လိုအပ်သည့် သဲအိတ်များ ထပ်မံကြိုတင်စုပုံထားရန်နှင့် ပဲခူးမြစ်ရေတားတာများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေမြင့်တက်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းအထိ ယာယီရေဘေးရှောင်စခန်း ၂၇ ခုဖွင့်လှစ်ထားရှိပြီး ရေဘေးသင့် အိမ်ထောင်စု ၄၇၉၃ ခု၊ လူဦးရေ ၁၈၂၁၀ အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်ပင်ဈေးဓာတ်အားခွဲရုံနှင့် အသုတ် ပင်မဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ရေဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရေဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ ညောင်ပင်ဈေးဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဆွိယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးက ယခုအချိန်တွင် ရေဝတီမြစ်ရေသည် နေ့စဉ်အချိန်နှင့်အမျှ မြင့်တက်လာနေသဖြင့် လျှပ်စစ်အန္တရာယ်ကင်းစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်၊ ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဆွိယာဒ်အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်းများသို့ တိရစ္ဆာန်များ မတက်ရောက်နိုင်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်နှင့် လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတခရိုင်အတွင်းရှိ ဒေါင့်ကြီးကျေးရွာသို့ ရောက်ရှိရာ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းစေရန် ယာယီဓာတ်အား ဖြတ်တောက်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ကြရန်၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အသိသတိဖြင့် အသုံးပြုစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြရန်၊ မြစ်ရေ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ဓာတ်အားလိုင်းများ၊ မီတာများနှင့် အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းထားရှိမှုကို စနစ်တကျစိစစ်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန်နှင့် လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်ခရိုင် အသုတ်မြို့ရှိ ၂၃၀/ ၆၆ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ အသုတ်ပင်မဓာတ်အားခွဲရုံသို့သွားရောက်ကာ ဆွိယာဒ်အတွင်း ၆၆ ကေဗွီ Switch Bay အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး ဓာတ်အားချိတ်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်းနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောလုပ်ငန်းများတွင် ပြည်သူလူထုများ ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ယမန်နေ့ နံနက်က နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တော၊ သစ်ပင်များ၏ အခန်းကဏ္ဍများကိုလည်းကောင်း၊ သစ်ပင်ပျိုးထောင်စိုက်ပျိုးသည့် နည်းစနစ်နှင့် သစ်တော၊ သစ်ပင်စိုက်ပျိုးခြင်း၏ ရရှိမည့် အကျိုးကျေးဇူးများ ပြောကြားပြီး မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇာခြည်ထွန်းက စွန့်ပစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်အန္တရာယ်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာသီရိနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၏ ညွှန်ကြားမှုဖြင့် နောင်ခုံးကျေးရွာအနီး နောင်တောင်းထီကတူးတောရကျောင်းတွင် မြို့နယ်သစ်တော ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ပျိုးပင်ပေါင်း ၅၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။(အောက်ပုံ) **ပအိုဝ်းဒေသ(ပြန်/ဆက်)**



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# အဂတိပယ်ခွာ ပြည်သာယာ

**အဂတိလိုက်စားမှုသည် အများပြည်သူလူထုတစ်ရပ်လုံးအတွက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍအသီးသီးတို့ကို တည်ဆောက်ပဲ့ပြင်ကြရာ၌ လေးနက်တည်ကြည်စွာ မပြုလုပ်ပါက အတိဒုက္ခဖြစ်စေသည့် ဘေးအန္တရာယ်ကြီး တစ်ရပ်ဖြင့် ရင်ဆိုင်ရဖွယ်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးရေးသားဖွင့်ဆိုနေကြသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ အဂတိလိုက်စားခြင်းသည် အဂတိလိုက်စားခဲ့သည့် ပုဂ္ဂိုလ်သာမက ယင်း၏အဖွဲ့အစည်းများကိုယ်တိုင်ပင်လျှင် ဘေးအန္တရာယ် အဘယ်မျှကြီးမားနေကြောင်း တွေ့ကြုံကြရမည်ဖြစ်ပါသည်။**

*မောင်တည်ကြည်*

အဂတိလိုက်စားမှုကြောင့် ကြုံတွေ့နိုင်သော ဘေးအန္တရာယ်များမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသလို ခေတ်ကာလတစ်ခုနှင့်တစ်ခုလည်း မတူညီနိုင်ပေ။ အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် ဥပဒေ၊ တရားစွဲအဖွဲ့အစည်း၊ စီရင်မည့် တရားရုံးတို့ကို ပြဋ္ဌာန်းဖွဲ့စည်းခန့်အပ်၍ ဆောင်ရွက်လျက်ရှိသော်လည်း အဂတိလိုက်စားမှုကို ထိရောက်စွာ အရေးယူနိုင်ခြင်းမရှိသေးသည့်အတွက် အဂတိလိုက်စားမှုသည် ဘေးအန္တရာယ်ကြီးတစ်ခုသဖွယ် တိုးမြင့်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

**အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်ကိုလေ့လာ**

အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်ကို လေ့လာကြသည့်အခါတွင် များသောအားဖြင့် ဦးစားပေးစဉ်းစားနေကြသည်မှာ ဥပဒေကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော ငွေကြေးနှင့် တံစိုးလက်ဆောင် အပေးအယူ ကိစ္စမျှသာဖြစ်သည်။ ငွေကြေးနှင့် တံစိုးလက်ဆောင်အပေးအယူသည် စီးပွားရေးလုပ်ငန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပြီး အကျိုးအမြတ်တွက်ခြေကိုက်မှု၊ မကိုက်မှုအပေါ်တွင် စွန့်စားဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် ထို့ထက်အဆများစွာ ပိုဆိုးသည်မှာ ကိန်းဂဏန်းဖြင့် ဖော်ပြ၍မရသော ဆုံးရှုံးမှုမှာ လုပ်ငန်းရှင်များနှင့် လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ ကျင့်ဝတ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ကို ဂုဏ်သိက္ခာများနှင့်အတူ ပေးဆပ်လိုက်ရခြင်းဖြစ်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အရင်းခံအကြောင်းတရားများသည် စိတ်စေတနာ နည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင် ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တကို ပျက်စီးစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်ပါသည်။ အဂတိလိုက်စားမှုသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို လျှော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းရမည့် ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာမှုတို့အတွက် အဟန့်အတားလည်း ဖြစ်ပေါ်လာပါသည်။

ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ (၃)ဖြာဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကဏ္ဍများကို အပြန်အလှန်ထိန်းကျောင်းရင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

> ❝ **အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်လာစေရေး၊ နိုင်ငံသားများ၏ ဘဝများသာယာဝပြောလာစေရေးနှင့် နိုင်ငံ၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းခြင်းဖြင့် "အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ❞**

**အဂတိလိုက်စားမှုကင်းစင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ် ထူထောင်**

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေသည် ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် နောက်တွင်မူ အခြေအနေအတော်အတန် ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ အဂတိလိုက်စားခြင်းကို အသုံးချပြီး စွန့်စားစီးပွားရှာလိုသူများအတွက် ဘေးအန္တရာယ်ကင်းလွတ်နယ်မြေ ကျဉ်းမြောင်းသွားစေခဲ့ပါသည်။ တံစိုးလက်ဆောင်ပေးခြင်းတွင် ယခင်က ပေးသူဘက်ကို မသိကျိုးကျွန်ပြုခဲ့သလို ဖြစ်နေရာမှ ယခုအခါ တံစိုးလက်ဆောင်ပေးသူရော၊ ယူသူပါ အရေးယူနိုင်သည့်အခြေအနေ ဖြစ်လာခဲ့ပါသည်။ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ခိုင်လုံသော စာရင်းဇယားကိန်းဂဏန်း အထောက်အထားများအရ ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေကြေးနှင့် ပစ္စည်းများ ဆုံးရှုံးစေခဲ့ပြီဆိုလျှင် အဂတိလိုက်စားမှုဥပဒေအရ တရားစွဲဆိုခံရတော့မည်ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် အဂတိလိုက်စားမှုကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ရန်အတွက်ဆိုလျှင် တာဝန်ရှိသူအဆင့်ဆင့်က အသိစိတ်ဓာတ်ပြည့်ဝစွာ အဂတိလိုက်စားမှုကင်းစင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ် ထူထောင်ရန် ဝိုင်းဝန်းဆောင်ရွက်ပြီးပြည်သူပူးပေါင်းပါဝင်မှုရအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တည်ဆဲအဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရဆိုလျှင် အဂတိလိုက်စားသူများအတွက် ဥပဒေအရ အရေးယူခံရနိုင်သော ဘေးအန္တရာယ်က တစ်စထက်တစ်စ ပိုမိုကြီးမားလာနေပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ဥပဒေအရ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအပါအဝင် ပိုင်ဆိုင်မှုများ ဖော်ထုတ်သိမ်းဆည်းခံရနိုင်သော ဘေးအန္တရာယ်ကလည်း ယှဉ်တွဲပါလာနေပါသည်။ ဂုဏ်သိက္ခာဆုံးရှုံးစေမည့် အန္တရာယ်ကတော့ ပြောစရာ မလိုတော့ပါ။ မူလက ရာထူးဌာနန္တရရှိသော ပုဂ္ဂိုလ်များ၊ ကြွယ်ဝချမ်းသာသူများသည် မိမိတို့ကို အပ်နှင်းထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များပါ ဆုံးရှုံးစေသည့် ဘေးအန္တရာယ်ကလည်း အသေအချာရှိနေပြီဖြစ်ပါသည်။ ထို့အပြင် ဆက်စပ်အကြောင်းခြင်းရာများကြောင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ငွေရေးကြေးရေး၊ မိသားစုအရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မမျှော်မှန်းထားသောအခြေအနေများ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်ကလည်း ရှိနေပြီဖြစ်ပါသည်။ ဂုဏ်သတင်းအရလည်းကောင်း၊ ယုံကြည်မှုအရလည်းကောင်း၊ နိုင်ငံတကာကျင့်ဝတ်များအရလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံး ဗုန်းဗုန်းလဲပြီး အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်ရသည့် ဘေးအန္တရာယ်၊ လူတော မတိုးဝံ့အောင်ဖြစ်စေသော ကိုယ်ကျင့်တရားဆုံးရှုံးစေသည့် အန္တရာယ်၊ ဘဝတစ်လျှောက်လုံးတွင် ကြိုးပမ်းအားထုတ်ထားခဲ့သော မျှော်လင့်ချက်အားလုံးကို လက်လွှတ်ဆုံးရှုံးစေသည့် ဘေးအန္တရာယ်၊ တစ်သက်တာကာလ လိုက်နာစောင့်ထိန်းထားမှုများ၊ ဝတ္တရားများ ပျက်ကွက်ဆုံးရှုံးစေသည့် ဘေးအန္တရာယ်နှင့် နောက်ဆုံးတွင် မိမိနှင့် မိသားစုဝင်များသည် မိမိကျင်လည်ကျက်စားခဲ့သည့် ပတ်ဝန်းကျင်မှ ထွက်ခွာသွားရသည့် ဘေးအန္တရာယ်အထိ ရောက်ရှိနိုင်သည့်အပြင် အဂတိလိုက်စားမှုသည် နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးတို့ကိုပါ ထိခိုက်စေမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်**

၂၀၂၄ ခုနှစ် မေလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ပါရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ အခန်းဆက်ဆောင်းပါး၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ဖြစ်ပါသည်။ နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဒသမ ၈၅၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့် ငွေကြေးများ၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာဖတ်ရှုရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိ လိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါငွေကြေးများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့သည့် သတင်းပေးတိုင်ကြားချက်များကြောင့် နိုင်ငံတော်ပိုင် ငွေကြေးများ၊ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှု မရှိစေရေး ကာကွယ်နိုင်မှုပင်ဖြစ်ပါသည်။ သို့ရာတွင် ပေးသူနှင့်ယူသူပါ သဘောတူကျေနပ်ပြီး အဂတိလိုက်စားမှုကျူးလွန်နေသူများလည်း ရှိနေဦးမည်ဖြစ်ပါသည်။ သတင်းပေးပို့သူ Third Party မရှိခြင်းကြောင့်လည်းကောင်း၊ သတင်းပေးပို့တိုင်ကြားလိုသော်လည်း သတင်းပေးပို့တိုင်ကြားသူအား အကာအကွယ်ပေးသည့် Whistleblower Protection Law ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ဆဲအခြေအနေတွင် ရှိခြင်းနှင့် သက်သေအကာအကွယ်ပေးမည့် အစီအမံနှင့် လုပ်ထုံးလုပ်နည်းများ မရှိသေးခြင်းသည်လည်း အဂတိလိုက်စားမှုကျူးလွန်သူများအတွက် ကြီးမားသောဂယ်ပေါက်တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်လာစေရေး၊ နိုင်ငံသားများ၏ဘဝများ သာယာဝပြောလာစေရေးနှင့် နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အပါအဝင်ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းခြင်းဖြင့် "အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဟူ၍ ရေးသားဖော်ပြအပ်ပါသည်။ ။

> ❑ **အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အရင်းခံအကြောင်းတရားများသည် စိတ်စေတနာနည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင် ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တကို ပျက်စီးစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်ပါသည်။ အဂတိလိုက်စားမှုသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို လျှော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းရမည့် ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာမှုတို့အတွက် အဟန့်အတားလည်း ဖြစ်ပေါ်လာ**

## မအူပင်မြို့၌ ထူးပေါက်၍ မြေကျွံကျမှုအား ကြည့်ရှုစစ်ဆေး

**မအူပင် ဇူလိုင် ၂၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ ရေထိန်းတံခါးဘေး၌ ထူးပေါက်၍ မြေကျွံကျမှုဖြစ်ပွားရာ ဆောင်ရွက်ထားရှိမှုများအား ယနေ့ မွန်းလွဲ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးသည်။

မအူပင်မြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ မအူပင်ကျွန်းတာ မြောက်ပိုင်း မိုင်အမှတ် ၄၃/၀ နှင့် ၄၄/၀ ကြားရှိ ညောင်ပင်ဝိုင်း ရေထိန်းတံခါးဘေးတွင် ဇူလိုင် ၂၅ ရက် ည ၁၀ နာရီက ထူးပေါက်၍ မြေကျွံကျမှုဖြစ်ပွားရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးထိုက်တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မြင့်တို့ ဦးဆောင်၍ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၊ နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ စုပေါင်း၍ မြေအိတ်၊ သဲအိတ်ဖို့ခြင်း ဆောင်ရွက်ထားရှိမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များအား မှာကြားပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး ဇူလိုင် ၂၈**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက် နံနက်က တောင်ကြီးမြို့ ရှမ်းရိုးမဘော်ဒါဆောင်တွင် အေးချမ်းတည်ငြိမ်မှုမရှိသေးသော ဒေသမှပြောင်းရွှေ့လာသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ဗလာစာအုပ်၊ ခြင်ထောင်တို့ကို သွားရောက်ထောက်ပံ့ပေးသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကိုယ်ကိုကြိုးစားကြရန်၊ စိတ်အားငယ်၊ စိတ်ဓာတ်ကျစရာမလိုကြောင်း၊ ပညာကို တတ်မြောက်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပေးအပ်ရာ ကျောင်းသား ကျောင်းသူ နှစ်ဦးက လက်ခံရယူသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဗလာစာအုပ်နှင့် ခြင်ထောင်၊ ထောက်ပံ့ငွေ ပေးအပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးက လက်ခံရယူသည်။ ထို့နောက် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူ နှစ်ဦးက လက်ခံရယူကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပဲခူးမြို့၌ မော်တော်ဆိုင်ကယ်အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂၈**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ကြီးမှူး၍ မော်တော်ဆိုင်ကယ် အခြေခံပြုပြင်ထိန်းသိမ်းနည်း သင်တန်း အမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပဲခူးမြို့) သင်တန်းခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ယနေ့ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းသည် မိမိတို့ ပတ်ဝန်းကျင်တွင် နေ့စဉ်အသုံးပြုသည့် အမျိုးအစားထဲတွင် တစ်ခု ပါဝင်သောကြောင့် လက်တွေ့နယ်ပယ်တွင် အသုံးဝင်မည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် စာတွေ့၊ လက်တွေ့ပညာရပ်များအား ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ပါက မိသားစုဝင်ငွေ ရရှိနိုင်မည့်အပြင် ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကိုဩဂုတ် ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## မိတ္ထီလာမြို့နယ်၌ အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မြန်မာ့အာမခံလုပ်ငန်း (မိတ္ထီလာခရိုင်ရုံး)နှင့် ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်သည့် အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**



အာမခံအကြောင်း သိကောင်းစရာဟောပြောပွဲတွင် မြန်မာ့အာမခံလုပ်ငန်း (မန္တလေးတိုင်းဒေသကြီးရုံး)မှ တိုင်းဒေသကြီးမန်နေဂျာ ဒေါ်နီနီအေးက အမှာစကားပြောကြားခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်း (မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံ ဦးဌေးလွင်က ပြည်သူများ အာမခံအကြောင်း နားလည်သိရှိပြီး အာမခံအကာအကွယ်များနှင့် အသက်အာမခံထားခြင်းဖြင့် အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် အာမခံ ကိုယ်စားလှယ် ဦးထွန်းထွန်းဇော်က အာမခံအကြောင်းနှင့် ကိုယ်စားလှယ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အာမခံ အမျိုးအစားအသစ် MI’s Health Care အကြောင်းကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

ယင်းနောက် မြန်မာ့အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံ ဦးဌေးလွင်က ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ရေတွင်းဖြူကျေးရွာမှ ဦးမြင့်ဆွေကို အာမခံလျော်ကြေးငွေကျပ် ၁၅၃၆၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၈**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုက်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ပြီး အားပေးစကားများပြောကြား




**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံ သွားရောက်၍ အားပေးစကားများ ပြောကြားပြီး အခြေခံ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ဦးစွာ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်နေသည့် ကျေးရွာများအား တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့် ကျန်းမာရေး ဝန်ထမ်းများက ကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥက္ကံမြို့ ရှေးဟောင်းသမိုင်းဝင်မြသက်သာ စေတီတော်မြတ်ကြီး အတွင်း၌ ဖွင့်လှစ်ထားရှိသည့် ရေဘေး ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး မြသက်သာ၊ ဝဲကြီး၊ ညောင်ကုန်း၊ ကံကလေးကျေးရွာတို့ရှိ အိမ်ထောင်စု ၁၄၅ စုမှ ဒေသခံ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်ကျေးရွာရေဘေးသင့်ပြည်သူများထံသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ စက်လှေများဖြင့် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်သည့် နေရာသို့ ရောက်ရှိရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုက်ကြီး-အဖျောက်လမ်း အင်းတိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၀ / ၆ နှင့် ၁၁ အကြားတွင် ကားလမ်း ရေကျော်နေမှုကို လည်းကောင်း၊ အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရေဘေး ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ဖိုးခေါင်ကျေးရွာ ရတနာမဥ္ဇူကျောင်းတိုက်သို့ ရောက်ရှိပြီး မြသက်သာဘုန်းတော်ကြီးကျောင်း၊ အိုင်ကလောင်တိုက်ကျောင်း၊ ရွှေဂူကျောင်း၊ မင်္ဂလာသိရီကျောင်းနှင့် ရတနာမဥ္ဇူကျောင်းတို့တွင် ထားရှိသည့် ရေဘေးသင့်အိမ်ထောင်စု ၁၄၀ အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ဉူးတိက္ခိန္ဒအားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(မြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးနှင့် ရေဝင်ရောက်သည့် နေရာများသို့ ကွင်းဆင်းကြည့်ရှု



**လွိုင်ကော် ဇူလိုင် ၂၈**

ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဖွင့်လှစ်ထားသော ကယားပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရုံး၌ လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရေဘေးအန္တရာယ် ကျရောက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်နယ် ဝန်ကြီးချုပ်က လွိုင်ကော်မြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များအတွင်း နေအိမ်အချို့တွင် ယနေ့ နံနက်ပိုင်းမှစ၍ ရေအနည်းငယ် ဝင်ရောက်လျက်ရှိသဖြင့် ရေဆက်လက်မြင့်တက်လာပါက အရေးပေါ်တုံ့ပြန်နိုင်မှုအား ချက်ချင်းဆောင်ရွက်နိုင်ရန်နှင့် ရွှေ့ပြောင်းရေး၊ ယာယီနေထိုင်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး၊ လိုအပ်သည့် ကူညီထောက်ပံ့မှုများ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ကော်မတီအသီးသီးက ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နှစ်ထပ်ဈေးတံတား၊ ရှမ်းပိုင်းတံတား၊ ဒေါ်နိုးကူးတံတားများသို့ သွားရောက်၍ ဘီလူးချောင်း ရေမြင့်တက်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၄ နာရီ ရေကင်း စောင့်ကြည့်နိုင်ရေး၊ စိုးရိမ်ရေမှတ် ကျော်လွန်နိုင်သည့် အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက် ထုတ်ပြန်အသိပေးရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ လျင်မြန်စွာ တုံ့ပြန် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက် ရေစီးကွေ့သို့ သွားရောက်၍ ဘီလူးချောင်း ရေမြင့်တက်လာပါက ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးခြင်းနှင့် ပြည်နယ် မီးသတ်တပ်ဖွဲ့မှ Life Bouy ရေပြင်ကယ်ဆယ်ရေး ကိရိယာ အသုံးပြု၍ သရုပ်ပြဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လွိုင်ကော်မြို့ အနိမ့်ပိုင်း နမ့်ကွတ်ရပ်ကွက်ရှိ နေအိမ်အချို့၌ ဘီလူးချောင်း ရေဝင်ရောက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုကြကာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် သီရိမင်္ဂလာ (ယာယီဈေး)အတွင်း ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး သီရိမင်္ဂလာဈေး အသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးခဲ့သော ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်သိုလှောင်ရုံသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး မော်တော်ယာဉ်သိုလှောင်ရုံအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဆယ်တင်ပစ္စည်းများနှင့် ပျက်စီးဆုံးရှုံးမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာ၊ စာကြည့်တိုက်များ၊ ကျောင်းပြန်လည် ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး သင်တန်းကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းဥပဓိရုပ် ခံ့ထည်မှုရှိစေရေး၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်မှုရှိစေရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(မြန်/ဆက်)**

## အိုလံပစ်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မသန်စွမ်းအားကစားသမား စိုးပေအား ထောက်ပံ့ချီးမြှင့်



**ရန်ကုန် ဇူလိုင် ၂၈**

၂၀၂၄ ခုနှစ် ပါရီအိုလံပစ်သို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ မီတာ ၁၀၀၊ မီတာ ၂၀၀ ကစားသမား စိုးပေအား ပြိုင်ပွဲဝင်ဝတ်စုံ၊ ဖိနပ်နှင့် Asics Sport ဂျာကင်တို့ကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အနေဖြင့် ဂုဏ်ယူစွာပံ့ပိုးချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ရုံးခန်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ပြေးခုန်ပစ်အသင်း အုပ်ချုပ်သူ ဒေါက်တာ ဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိများ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဂုဏ်ယူစွာ ပံ့ပိုးချီးမြှင့်ရခြင်း အကြောင်းကို ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်မှ ကစားသမားစိုးပေအား အမေရိကန် ဒေါ်လာ ၅၁၀၀တန်ဖိုးရှိ ပြိုင်ပွဲဝင် ဝတ်စုံ အစုံနှင့် ငွေသားကျပ် ခုနစ်သိန်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ကစားသမားစိုးပေသည် ၂၀၂၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု နှင့် ကြေးတံဆိပ် နှစ်ခုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် နှစ်ခု ရရှိထားသူဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဝင်း(အား/ကာ)**

# နတ်တလင်းခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နတ်တလင်း ဇူလိုင် ၂၈**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာစေရန်အတွက် အခြေခံပညာကျောင်းများကို အခြေခံ၍ ကျင်းပသည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" အခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက အ.ထ.က နတ်တလင်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်၊ ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းပညာရေးမှူးရုံး(ပြည်မြို့) ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးတင်ယု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က မိမိတို့တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို မြို့နယ် ၁၄ ခုတွင် (၁၄) ကြိမ် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက နတ်တလင်းမြို့နယ် အခြေခံ ပညာကျောင်းများအတွက် လှူဒါန်းသော စာအုပ်စာစောင်များကို တာဝန်ခံမြို့နယ်ပညာရေးမှူးထံ လည်းကောင်း၊ စာပေဟောပြောသည့် ဆရာများနှင့် ဖျော်ဖြေတင်ဆက်သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာနှင့် ပတ်သက်သည့် ပြိုင်ပွဲဝင်နေမှုများ၊ ဂိမ်းကစားမှုအပြင် စိတ်ဝင်စားဖွယ်ရာ ကလေးစာဖတ်ခန်း၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ၊ ရောင်စုံဓာတ်ပုံပြပွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့၏ ပြခန်းများ၊ စာအုပ်ဈေးရောင်းဆိုင်များနှင့် စတုဒိသာ ကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြောင်းသိရသည်။




အဆိုပါပွဲတော်ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၄၆ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ စုစုပေါင်း ကျောင်းသား ကျောင်းသူ အင်အား ၁၀၀၀ ခန့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နတ်တလင်းခရိုင် နတ်တလင်းမြို့ အ.ထ.က၌ ကျင်းပပြုလုပ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်လှုပ်ရှားသူများ၏ ရင်တွင်းစကားသံများ



ဒေါ်လွင်လွင်ကျော်



ရဲမှူးငွေအောင်



ဦးကျော်ကျော်ဦး



မခေတ်ကေရီစံ



မောင်သူရိန်လင်း

**နတ်တလင်း ဇူလိုင် ၂၈**
စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့ အ.ထ.ကကျောင်းတွင် ဇူလိုင် ၂၈ ရက်က ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် စတုဒိသာ ကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် ပတ်သက်၍ ပါဝင်လှုပ်ရှားသူများ၏ ရင်တွင်းစကားသံများ ယခုလိုကြားသိရပါသည်။

**ဒေါ်လွင်လွင်ကျော်**
**ကျောင်းအုပ်ဆရာမကြီး**
**နတ်တလင်း(အ.ထ.က)**

ကျွန်မတို့ရဲ့ နတ်တလင်း အခြေခံပညာ အထက်တန်းကျောင်းမှာလာပြီးတော့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ပြုလုပ်ပေးတဲ့အခါမှာ တစ်မြို့နယ်လုံးမှာရှိတဲ့ ကလေးတွေအားလုံး ပါဝင်ပြီး လှုပ်ရှားရတဲ့အတွက်ကြောင့် အထူးဝမ်းသာပါတယ်။ ပြပွဲတွေလည်း ပြုလုပ်ပေးတယ်။ ပြိုင်ပွဲတွေလည်း လုပ်ပေးတယ်။ နောက်တစ်ခါ ဂိမ်းကစားနည်းမျိုးစုံလည်းပါသေးတယ်။ နောက်တစ်ချက်က စာအုပ်ရောင်းပွဲတွေလည်း ပြုလုပ်ပါတယ်။ စတုဒိသာကျွေးတဲ့ အစီအစဉ်တွေလည်း ပါသေးတယ်။ ပြိုင်ပွဲတွေရှိတဲ့အတွက် ကလေးတွေက လူအများရဲ့ကြားမှာ ရဲရဲရင့်ရင့် ပြောဆိုနိုင်တဲ့ စွမ်းရည်တွေတိုးတက်လာတယ်။

ပြပွဲတွေမှာလည်း သူတို့ကိုယ်တိုင် ဝင်ရောက်ပြီတော့ လေ့လာခွင့်ရှိတဲ့အတွက် မေးမြန်းတတ်တယ်။ သိရှိလိုတဲ့ အကြောင်းအရာတွေကို ထဲထဲဝင်ဝင် ပြောတတ်ဆိုတတ်တဲ့ စွမ်းရည်တွေ တိုးတက်လာတယ်။ ကလေးတွေက ပြောမယ်ဆိုရင် ဂိမ်းကစားနည်းတွေမှာ ဝါသနာပါတဲ့အတွက် အစုလိုက်ဖွဲ့ပြီး ကစားရလို့ စည်းလုံးညီညွတ်မှုတွေကိုလည်း လုပ်တတ်လာတယ်။ ပေါင်းသင်းဆက်ဆံရေးမှာလည်း ပိုပြီးထက်မြက်လာတယ်။ မိတ်ဆွေအပေါင်းအသင်းအသစ်တွေ ရရှိလာလို့ ပျော်ရွှင်ကြရတယ်။ စာအုပ်အရောင်းပွဲတော်မှာလည်း စာအုပ်တွေ မျိုးစုံအများကြီးရှိတဲ့အတွက် သူတို့ဝါသနာပါတဲ့ စာအုပ်တွေကို ဖတ်ခွင့်လည်းရှိတယ်။ ဝယ်ခွင့်လည်းရှိတဲ့အတွက် စာဖတ်ရှိန်တွေလည်း မြှင့်တက်လာတယ်။ စတုဒိသာကျွေးတဲ့ အစီအစဉ်ကတော့ ကလေးတွေအပျော်ဆုံးပါပဲ။ သူတို့က ပြပွဲ၊ ပြိုင်ပွဲတွေ ကြည့်လိုက်၊ ကစားလိုက်၊ စတုဒိသာကျွေးတာကို စားလိုက်နဲ့ တော်တော်ကို ပျော်ကြတယ်။ သူတို့ရဲ့ ပျော်ရွှင်မှုက ဆရာဆရာမတွေနဲ့ ပွဲတော်လာသူအားလုံးကို ကူးစက်ပျော်ရွှင်စေတဲ့အတွက် အင်မတန် ပီတိဖြစ်ပါတယ်။ ဝမ်းလည်းသာပါတယ်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုအောက်မှာ ပွဲတော်ဖြစ်မြောက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အဘက်ဘက်မှ တာဝန်ယူဆောင်ရွက်ပေးသောသူအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**ရဲမှူးငွေအောင်**
**မြို့နယ်ရဲတပ်ဖွဲ့မှူး**

ကျွန်တော်တို့ရဲ့ ပြခန်းမှာတော့ ရဲတပ်ဖွဲ့ရဲ့ လုံခြုံရေးအသုံးအဆောင်ပစ္စည်းတွေ၊ မှုခင်းဖော်ထုတ်ရေးပစ္စည်းတွေ၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း၊ လူကုန်ကူးမှု အကြောင်းအရာ ဆောင်ရန်၊ ရှောင်ရန်များ၊ ရဲဥပဒေစာအုပ်များကို ခင်းကျင်းပြသထားပါတယ်။ နောက်ပြီးတော့ ပိုက်ဆံအတုအစစ်ခွဲနည်း၊ လူငယ်တွေအသုံးပြုတဲ့ ချောကလက်၊ ပီကော၊ အချိုရည်၊ ဆေးလိပ်တွေမှာ မူးယစ်ဆေးအာနိသင်ပါဝင်တဲ့ အစားအစာ၊ တို့ဆေးအကြောင်းတို့ကို ပြသခဲ့ပါတယ်။

ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေရဲ့ ဆောင်ရွက်ချက်တွေကို ချပြခွင့်ရတဲ့အတွက် ကလေးတွေ ဗဟုသုတတွေ အများကြီးရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးကျော်ကျော်ဦး (မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ)**

နတ်တလင်းမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ ကျင်းပဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြပွဲတွေ၊ ပြိုင်ပွဲတွေ၊ ကလေးတွေအတွက် ဂိမ်းကစားပွဲတွေ၊ စာအုပ်ရောင်းပွဲတော်တွေနဲ့ ကျင်းပဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျနဲ့ ဦးစီးကော်မတီတွေ၊ ဆပ်ကော်မတီတွေ၊ ကဏ္ဍအလိုက်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေ ဆောင်ရွက်ပေးခြင်းအားဖြင့် ကလေးတွေအတွက် ဗဟုသုတများစွာ ရရှိသလို ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့်လည်း စည်းလုံးညီညွတ်မှုတွေလည်း ရရှိစေမှာဖြစ်လို့ ကျွန်တော့်အနေနဲ့ ဝမ်းသာကျေနပ်မိပါတယ်။

**မခေတ်ကေရီစံ Grade-3**
**အထက(ဒမငယ်)**

ကျွန်မက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ စာဖတ်စွမ်းရည်ပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်မက ပထမရရှိခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ အတူတူကစားရတာ အရမ်းပျော်ပါတယ်။ မုန့်တွေလည်း စားရတယ်။ ကျွန်မ စာအုပ်တွေ အများကြီး တွေ့ခဲ့ရတဲ့အတွက် စာဖတ်ချင်စိတ်တွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။

**မောင်သူရိန်လင်း**
**Grade-7 မူလတန်း(လွန်)**
**ချောင်းကမ်းကြီးကျောင်း**

ကျွန်တော်ကတော့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ ပုံပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ လာရောက်ခဲ့တာပါ။ ကျွန်တော်ကတော့ စာဖတ်ခန်းတွေမှာ စာဖတ်ရတာ အရမ်းပျော်ပါတယ်။ သူငယ်ချင်းတွေလည်း အများကြီး ခင်မင်ခွင့်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ ကျွန်တော်က စာအုပ်ဆိုင်တွေကိုလည်း သွားခဲ့ပါတယ်။ ကျွန်တော့်အမေနဲ့ အဖေကလည်း ကျွန်တော့်ကို စာအုပ်တွေ အများကြီးဝယ်ပေးပါတယ်။ ကျွန်တော် စတုဒိသာကျွေးတဲ့နေရာကိုသွားပြီး ကောက်ညှင်းပေါင်းနဲ့ မြန်မာမုန့် အစားအစာတွေကိုလည်းစားခဲ့ပါတယ်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**
**ဓာတ်ပုံ- ပေါက်စ(မင်းလှ)**

# ဘားအံတက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

**ဘားအံ ဇူလိုင် ၂၈**
ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ဥပဒေဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဘားအံတက္ကသိုလ် (ငုရွှေဝါ ) ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာထိပ်တင်ဟန်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၅၁၂ ဦး တက်ရောက်သည်။

ဦးစွာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထိပ်တင်ဟန်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေအရာရှိ ဦးတင်မြင့်ဦးက လက်နက်ဥပဒေ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ လောင်းကစားဥပဒေ အကြောင်းအရာများကိုလည်းကောင်း၊ ကရင်ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပြုရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေအေးက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး (ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**
ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရ

မောင်ကမ္ဘာ

**ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရဆိုလို့ ကြီးကျယ်ရန်ကောလို့ မထင်လိုက်ကြပါနဲ့။ တကယ်တော့ ဒီမိုကရေစီ ရွေးကောက်ပွဲများရဲ့ သဘောသဘာဝက ရိုးရှင်းပါတယ်။ မြန်မာစာပေကျမ်းဂန်တွေအရဆို ကမ္ဘာဦး လူသားတွေခေတ်ကတည်းက မဟာသမ္မတမင်းကို လူအများက ရွေးကောက်တင်မြှောက်ခဲ့ကြတာ ဖြစ်ပါတယ်။**

ဘာကြောင့် တင်မြှောက်ခဲ့ကြသလဲဆိုတော့ လောဘအားကြီးတဲ့ လူပျင်းတစ်ယောက်ဟာ ပိုင်ရှင်သတ်သတ်မှတ်မှတ်စိုက်ပျိုးထားတဲ့အခင်းက သလေးစပါးတွေကို ဥစ္စာရှင်တို့အား အသိမပေးဘဲ ခိုးယူရာမှ ဥစ္စာရှင်တို့က တွေ့မြင်တဲ့အခါ တစ်ကြိမ်၊ နှစ်ကြိမ် ကြိမ်းမောင်းတားမြစ်ပြန်လွှတ်ပေးခဲ့ပေမယ့် သုံးကြိမ်မြောက်မှာတော့ ခိုးသူကို ထုထောင်းရိုက်နှက်ကြပါတော့တယ်။

ဒီနောက်မှာတော့ လူအပေါင်းဟာ စည်းဝေးကြပြီး **“လောကဌလူဆိုး၊ လူညစ်၊ လူယုတ်မာတို့ကို နှိမ်နင်းဆုံးမခြင်းငှာ၊ ချီးမြှောက်တန်သောသူကိုလည်း ချီးမြှောက်စေခြင်းငှာ၊ တစ်ဦးဦးသောသူကို အကြီးအကဲတင်ထား၍ မင်းမြှောက်ကြကုန်အံ့။ ထိုမင်းအား ငါတို့၏သလေးခင်းမှ ဆယ်ဖို့တစ်ဖို့ကို နှစ်စဉ်နှစ်တိုင်းပေးကြကုန်အံ့”** ဆိုပြီး အညီအညွတ်သဘောတူတိုင်ပင်ကြပြီး သင့်လျော်လျောက်ပတ်သော လူတစ်ယောက်ကို ရွေးကောက်တင်မြှောက်ခဲ့ကြပါတယ်။

❖ ဘယ်လိုပဲခေါ်ခေါ် အနှစ်ချုပ်ကတော့ ရွေးကောက်ပွဲ၊ ရွေးချယ်တင်မြှောက်ပွဲမှန်သမျှ ပြည်သူ့အရေးကိစ္စတွေကို အဆင်ပြေချောမွေ့အောင်၊ ကောင်းသထက်ကောင်းအောင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ဖို့ ပြည်သူတွေက သူတို့ကိုယ်စားကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်ခြင်းပဲ ဖြစ်ပါတယ်

## နိုင်ငံရေးဟူ၍ ပေါ်ပေါက်လာ

ထိုမင်းကို လူအများက မင်းဟု သမုတ်အပ်သောကြောင့် “မဟာသမ္မတ”၊ လယ်မြေတို့ကို အစိုးရခြင်းကြောင့် “ခတ္တိယ”၊ တရားသဖြင့် သူတစ်ပါးတို့ကို ချစ်ခင်၊ တပ်မက်၊ နှစ်သက်စေတတ်သောကြောင့် “ရာဇာ”လို့ အမည်ရပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း သခင်အောင်ဆန်း ကလောင်အမည်နဲ့ နိုင်ငံရေးအမျိုးမျိုးဆောင်းပါးမှာ **“ဗမာ့အယူအရ၊ ပဒေသာပင်ခေတ်မှ သမ္မတမင်းခေတ် (အစိုးရပေါ်သည့်ခေတ်)တည်းဟူသော နိုင်ငံရေးဘဝရောက်လာ၏။ တခြားဆရာတွေ အယူအဆမှုကား လူရိုင်းမှ လူယဉ်ခေတ် ရောက်လာသည့်အခါ နိုင်ငံရေးပေါ်သည်ဟုဆို၏။ မည်သို့ဖြစ်စေ တူသောအချက်ကား လူမှု၊ သူမှုကိစ္စများ ထွေပြားနက်နဲလာသည့်အခါ လူတစ်ဦးတည်း၊ တစ်အိမ်ထောင်တည်း၊ တစ်မျိုးတည်း၊ တစ်ဘာသာတည်း၊ တစ်နိုင်ငံတည်းဆိုသော ကိစ္စမျိုးမရှိတော့ဘဲ တစ်ဆင့်ထက်တစ်ဆင့် တက်လာ၏။ ထိုလူ့အဆင့်အတန်းမှ နိုင်ငံရေးတည်းဟူသော ပင်မသည်ပေါ်လာ၏။**

**ပေါ်လာပုံကား လူတွေကများလွန်း၍၊ ပြဿနာတွေက ရှုပ်လွန်း၍၊ လူချင်းညှိလို့မရလွန်း၍၊ တစ်ယောက်ယောက်စည်းမဲ့ကမ်းမဲ့ဖြစ်လာ၍ အစိုးရဟု ပေါ်ပေါက်လာ၏။ ထိုအစိုးရကား လူတွေကအသီးသီးသူ့နေရာသူ သူတို့အားလုံးအကျိုးအတွက် တင်လိုက်၍ဖြစ်ရ၏။ လူများက သူတို့အတွက်ဘေးရန်ကာကွယ်ပေးနိုင်ပါစေ၊ အငြင်းအခုံများဖျန်ဖြေပေးနိုင်ပါစေ၊ အစားအသောက် အဝတ်အနေမှန်ပါစေဆို၍ အစိုးရကိုချီးမြှောက်ကြ၏။ ဝိုင်းဝန်းကြ၏။ ကူညီကြ၏။ ကူညီပုံကား လိုသမျှလုပ်နိုင်အောင် အခွန်ပေးကြ၏။ အစိုးရစကားကို လိုက်နာကြ၏။ အစိုးရလည်း ရသည့်အခွန်ကို တိုင်းသူပြည်သားများအတွက် ပြန်သုံးရ၏။ တိုင်းသူပြည်သားများကောင်းကျိုးအတွက် အများလိုက်နာရန် ဥပဒေတွေထုတ်၊ ဥပဒေမနာခံသူတွေကို အထိုက်အလျောက် စီရင်ပေးရ၏။ အမှန်စင်စစ်မှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်မှုဟုခေါ်သော ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေး၏အရင်းခံသဘောပင်ဖြစ်၏။ နိုင်ငံရေး၏ မဖောက်မပြန် မှန်ကန်သော ပရမတ်တရားဖြစ်၏။ သို့သော် နက်နက်နဲနဲ တွေးရှုသည့်အခါ အမှန်မှာ ဒီမိုကရေစီဟူ၍ မရှိလှသေး။**

**အစိုးရဟု ဖြစ်ပေါ်လာစဉ်ကပင် လူတွေတရားမစောင့်နိုင်၍ဖြစ်၏။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရရှိတော့မည်မဟုတ်။ ဤကား ... ဗမာ့ကျမ်းဂန်တွေ၌ပင်ရှိ၏”**လို့ ရေးသားဖော်ပြခဲ့ပါတယ်။

## လူမှန်နေရာမှန် ရွေးချယ်တင်မြှောက်

ဒီဘက်ခေတ်မှာတော့ အမေရိကန်ရဲ့ ၁၆ ဆက်မြောက် သမ္မတကြီး အေဘရာဟမ်လင်ကွန်း ၁၈၆၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့မှာ ပြောကြားခဲ့တဲ့ သူ့ရဲ့နာမည်ကျော် ဂက်တီစဘတ်မိန့်ခွန်းထဲက by the people, for the people ပြည်သူရဲ့အစိုးရ၊ ပြည်သူတင်မြှောက်သည့်အစိုးရ၊ ပြည်သူအတွက် အစိုးရ စတဲ့နိုင်ငံရေးဝေါဟာရ စကားလုံးတွေ၊ လူအများ စုပေါင်းအုပ်ချုပ်မှုဟူသော အဓိပ္ပာယ်ရတဲ့ ခေါ်မစကား(ဂရိ)မှ ဆင်းသက်လာတဲ့ ပေါ်လစ်တစ် (politics)ဆိုတဲ့ နိုင်ငံရေးဝေါဟာရစကားလုံးတွေပဲ တွင်တွင်ကျယ်ကျယ် ထင်ရှားလာတယ်။

ဘယ်လိုပဲခေါ်ခေါ် အနှစ်ချုပ်ကတော့ ရွေးကောက်ပွဲ၊ ရွေးချယ်တင်မြှောက်ပွဲမှန်သမျှ ပြည်သူ့အရေးကိစ္စတွေကို အဆင်ပြေချောမွေ့အောင်၊ ကောင်းသထက်ကောင်းအောင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ဖို့ ပြည်သူတွေက သူတို့ကိုယ်စားကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်ခြင်းပဲဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွေရဲ့ အနှစ်သာရကတော့ လူကောင်းလူတော်တွေကို လူမှန်နေရာမှန်ဖြစ်အောင် တတ်နိုင်သမျှ စိစစ်ရွေးချယ်တင်မြှောက်ခွင့်ရခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရင့်ကျက်တဲ့ နိုင်ငံကြီးတွေက မဲဆန္ဒရှင်တွေကတော့ တိုင်းရေးပြည်မှုတွေကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမယ့်ပုဂ္ဂိုလ်တွေဟာ သာမန်လူထဲက လူတွေလောက်တော့ မဖြစ်သင့်ဘူး။ သာမန်လူ အဆင့်ထက်ပိုပြီးမြင့်မားတဲ့ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ အကျင့်စရိုက်တွေရှိဖို့လိုတယ်လို့ ယူဆကြပါတယ်။

## မဲဆန္ဒရှင်တို့ လိုလားချက်

အမေရိကန်က မဲဆန္ဒရှင်အချို့ကတော့ သူတို့ရဲ့သဘောထားထင်မြင်ချက်တွေနဲ့ ပြဿနာတွေကို ဝါရှင်တန်ကိုယူသွားပြီး ဖြေရှင်းပေးမယ့်ကိုယ်စားလှယ်ဖြစ်ဖို့လိုတယ်လို့ ဆိုကြတယ်။ အချို့ကလည်း တိုင်းပြည်ရဲ့အကောင်းအဆိုးဟာ နိုင်ငံရေးသမားတွေရဲ့ လက်ထဲမှာရှိတယ်။ တိုင်းပြည်ကောင်းစားရေးထက် မိမိရဲ့နိုင်ငံရေးတက်လမ်းကိုကြည့်တဲ့ နိုင်ငံရေးသမား(politician)ထက် တိုင်းပြည်အရေးကို ရှေ့တန်းတင်တဲ့ခေါင်းဆောင်(Leader)မျိုးကို အလိုရှိတယ်လို့ ဆိုကြတယ်။ ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက မဲဆန္ဒရှင်အချို့ကတော့ သူတို့မဲဆန္ဒပေးတဲ့လူဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ရမယ်၊ ရာဇဝတ်မှုနောက်ကြောင်းမရှိသူဖြစ်ရမယ်လို့ ဆိုပါတယ်။

ဗြိတိန်နိုင်ငံက မဲဆန္ဒရှင်များကတော့ ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်အရွေးခံကြတဲ့ နိုင်ငံရေးပါတီများရဲ့မူဝါဒတွေရော၊ အမတ်လောင်းတွေရဲ့ ကိုယ်ရည်ကိုယ်သွေးကိုပါ တတ်နိုင်သမျှလေ့လာပြီး မူနဲ့လူကိုညှိပြီး မဲပေးတတ်ကြတယ်။ အချို့မဲဆန္ဒရှင်များကတော့ နိုင်ငံရေးမူဝါဒထက် အမတ်လောင်းရဲ့ အရည်အချင်းကိုကြည့်ပြီး ဆုံးဖြတ်ခြင်းဟာ ဒီမိုကရေစီနည်းကျတယ်လို့ ယုံကြည်ကြပါတယ်။

**တူညီတဲ့အချက်ကတော့ သူတို့အသည်းကြားက မဲတစ်ပြားကို ထိထိရောက်ရောက် အသုံးချတတ်ကြခြင်းပဲဖြစ်ပါတယ်။ သူတို့မျှော်လင့်ထားတဲ့ အစိုးရဆေးရုံတွေ၊ အစိုးရစာသင်ကျောင်းတွေ အဆင့်မြှင့်တင်ခြင်း စတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ မျှော်လင့်သလိုဖြစ်မလာခဲ့ရင်လည်း ရွေးကောက်ပွဲနောက်တစ်ကြိမ်ကျရင် ဆုံးမဒဏ်ခတ်လေ့ရှိကြတယ်။**

## တိုင်းရေးပြည်မှုများ စီမံခန့်ခွဲပေးမည့် ပြည်သူ့ကိုယ်စားလှယ်

လတ်တလော ဇူလိုင် ၄ ရက်က ကျင်းပခဲ့တဲ့ ဗြိတိန်အထွေထွေရွေးကောက်ပွဲမှာဆိုရင် ဗြိတိန်မဲဆန္ဒရှင်များဟာ နေထိုင်စရိတ်ကြီးမြင့်မှုပြဿနာ၊ အစိုးရရဲ့ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေနဲ့ ကမ္ဘာ့အရေးကိစ္စတွေနဲ့ပတ်သက်ပြီး အာဏာရပါတီရဲ့ ကိုင်တွယ်ဆောင်ရွက်မှုအပေါ် သဘောမကျဖြစ်လာတဲ့အတွက် အာဏာရကွန်ဆာဗေးတစ်ပါတီရဲ့ ၁၄ နှစ်တာအုပ်ချုပ်မှုကို အဆုံးသတ်စေပြီး လေဘာပါတီကို ပုံအောမဲပေးထောက်ခံခဲ့ကြပါတယ်။

အနိုင်ရလေဘာပါတီခေါင်းဆောင် ဝန်ကြီးချုပ်အသစ်ဖြစ်လာတဲ့ ကီယာစတားမားက **“ပြည်သူတွေက ဒီမိုကရေစီနဲ့ အနာဂတ်အတွက် မဲပေးခဲ့ပြီးပါပြီ။ အခုအချိန်ကတော့ ကျွန်တော်တို့ပြန်ပြီးထမ်းဆောင်ရတော့မယ့်အချိန်ပါပဲ။ နိုင်ငံက ပထမ၊ ပါတီက ဒုတိယပါ”**လို့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူလူထုကိုအလုပ်အကျွေးပြုတဲ့ အစိုးရဖြစ်စေရမယ်လို့လည်း သူကဆိုပါတယ်။ မဲဆန္ဒရှင်တွေကို စတားမားပေးခဲ့တဲ့ ကတိကဝတ်တွေထဲမှာ ပြည်သူလူထုရဲ့လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးမယ်ဆိုတဲ့ အချက်လည်း ပါဝင်ခဲ့ပါတယ်။

ရာထူးကဆင်းသွားရတဲ့ အာရှနွယ်ဖွားထဲက ပထမဆုံးဗြိတိသျှဝန်ကြီးချုပ်ဖြစ်လာခဲ့သူ ကွန်ဆာဗေးတစ်ပါတီ ဝန်ကြီးချုပ် ရီရှီဆူးနက်ခ်ကတော့ **“ဒီညမှာ ဗြိတိသျှလူမျိုးတွေက သူတို့ရဲ့သဘောထားတွေကို ပြသခဲ့ပါပြီ။ သင်ယူစရာတွေအများကြီးရှိသေးတယ်။ ပြီးတော့ ဆုံးရှုံးမှုအတွက် ကျွန်တော်တာဝန်ယူပါတယ်**”လို့ ဆိုပါတယ်။

မဲဆန္ဒရှင် မြန်မာပြည်သူများအနေနဲ့လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရကိုသိရှိပြီး လာမယ့်ရွေးကောက်ပွဲများမှာ ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမယ့် နိုင်ငံရေးသမားတွေဟာ ဘယ်လိုအရည်အချင်းတွေရှိသင့်သလဲ။ ပြည်သူက ဘာကိုကြည့်ပြီး မဲပေးကြမလဲ။ ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲပေးမယ့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန်ဖြစ်အောင် ဘယ်လိုရွေးချယ်တင်မြှောက်ကြမလဲဆိုတာ လေ့လာဆန်းစစ်သုံးသပ်နိုင်ဖို့ တင်ပြလိုက်ရကြောင်းပါ။ ။

“တူညီတဲ့အချက်ကတော့ သူတို့အသည်းကြားက မဲတစ်ပြားကို ထိထိရောက်ရောက် အသုံးချတတ်ကြခြင်းပဲ ဖြစ်ပါတယ်။ သူတို့မျှော်လင့်ထားတဲ့ အစိုးရဆေးရုံတွေ၊ အစိုးရစာသင်ကျောင်းတွေ အဆင့်မြှင့်တင်ခြင်း စတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ မျှော်လင့်သလို ဖြစ်မလာခဲ့ရင်လည်း ရွေးကောက်ပွဲနောက်တစ်ကြိမ်ကျရင် ဆုံးမဒဏ်ခတ်လေ့ရှိကြတယ်”

# ပိုင်ကျုံမြို့နယ်အတွင်း တောင်ကျရေကြီး တံတားနှင့်စာသင်ကျောင်းများ ပျက်စီး

**ပိုင်ကျုံ ဇူလိုင် ၂၈**

ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ဇူလိုင် ၂၆ ရက်တွင် တံတားနှင့် စာသင်ကျောင်းများ ပျက်စီးခဲ့သည်။

မိကြောင်ကျေးရွာနှင့် ဒညင်းကုန်းကျေးရွာအကြား ဆက်သွယ်ထားသော အရှည်ပေ ၂၂၀ ရှိ ကြိုးတံတားတစ်စင်းနှင့် သမိုလာခီးကျေးရွာရှိ အ-မ-က (သမိုလာခီး) ကျောင်းဆောင်တစ်လုံး၊ ကွီးကျယ်ကျေးရွာရှိ မူလတန်းကျောင်း၏ အလံတိုင်၊ ဆိုင်းဘုတ်နှင့် နှစ်ခန်းတွဲအိမ်သာတစ်လုံးတို့ ရေထဲမျောပါသွားခဲ့သည်။ ထို့အတူ ကော့စူး-လာဒဝယ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားချင်းကပ်လမ်းပျက်စီးခြင်း၊ အမှတ်(၅) ရပ်ကွက်နှင့် တနင်းသရောကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၁၅၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၂၅ ပေ သံကူကွန်ကရစ်တံတားအောက်ခြေ ရေတိုက်စားမှုကြောင့် တစ်ပေခွဲခန့်ကျုံ့ကျခြင်းနှင့် ကြက်တူရွေးကျေးရွာအုပ်စု အလယ်တန်းကျောင်းအုတ်တံတိုင်း ၁၃၅ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

နော်ခူး (ပြန်/ဆက်)

# ကျောက်ကြီးမြို့နယ်၌ တောင်ကျချောင်းရေကြီးမှုကြောင့် ပြည်သူများ ဘေးလွတ်ရာပြောင်းရွှေ့

**ကျောက်ကြီး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဇူလိုင်၂၅ရက်နှင့်၂၆ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေ၊ ကျောက်ကြီးချောင်း ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့ ရေဝင်သဖြင့် ဒေသခံပြည်သူများ ယာယီပြောင်းရွှေ့နေထိုင်ရကြောင်း သိရသည်။

ကျောက်ကြီး ချောင်းရေဝင်ရောက်မှုကြောင့် ဇူလိုင် ၂၆ ရက်က ပဲခူးရပ်ကွက်၊ ကပ်ကျေးရပ်ကွက်၊ သိန်တန်းရပ်ကွက်နှင့် သောင်လယ်ကျေးရွာအုပ်စုတို့ရှိ အိမ်ထောင်စု ၉၁ စု၊ လူဦးရေ ၃၉၃ ဦးသည် မြို့ဦးဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ရာဆွေမျိုးများအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်ကြရသည်။ ဇူလိုင် ၂၇ ရက်တွင် ပဲခူးရပ်ကွက်၊ ဆားတန်းရပ်ကွက်၊ ကပ်ကျေးရပ်ကွက်၊ သိန်တန်းရပ်ကွက်နှင့် မအူပင်ဆိပ်ကျေးရွာအုပ်စုတို့ရှိ အိမ်ထောင်စု ၁၆၂ စု၊ လူဦးရေ ၆၄၂ ဦးသည် မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မင်းအိုကြီး ဘုန်းတော်ကြီးကျောင်း၊ ရှင်သီဝလိခြေတော်ရာတောင်နှင့် နီးစပ်ရာ ဆွေမျိုးများအိမ်သို့ ယာယီပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)



အဆိုပါ ယာယီပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျ အစိမ်းရောင်အလံ စိုက်ထူအသိပေး

**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသတွင် မိုးရွာသွန်းမှုကြောင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် သုည ဒသမ ၁ ပေ ရေပိုလွှဲမှ စတင်ရေကျော်ကျလာသဖြင့် အရေးပေါ်အခြေအနေ အဆင့်(၁) အဖြစ် အစိမ်းရောင်အလံများစိုက်ထူ၍ အသိပေးနိုးဆော်ထားကြောင်း တမံရေကင်းတာဝန်ခံဦးစီးအရာရှိ ဦးထွန်းလွင်ထံမှ သိရသည်။

ကြီးအုံကြီးဝတမံအတွင်း ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ၂ ဒသမ ၆ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိသော်လည်း တမံအောက်ဘက်ရှိ ကျေးရွာများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်း၊ တမံနှင့် ရေပိုလွှဲနှင့်ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေးစီမံချက်အရ အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနိုးဆော်ထားရှိခြင်းဖြစ်ကြောင်းနှင့် ရေကင်းတာဝန်များကို ၂၄ နာရီ စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# မြစ်မခမြစ်ရေတိုက်စားမှုကြောင့် စံရွှေး-ညောင်သာယာ တံတားပျက်စီး

**သာယာဝတီ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြစ်မခမြစ်ရေတိုက်စားမှုကြောင့် အလယ်ကုန်း-ဖိုးခေါင်-စံရွှေး-ညောင်သာယာကျေးရွာသို့ ဆက်သွယ်ထားသည့် တံတားအမှတ်(၁/၇)၊ အလျား ပေ ၁၂၀၊ အကျယ် ၁၂ ပေ ဘေလီကွန်ကရစ် သံပေါင်တံတားမှာ ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီခွဲခန့်က ကျိုးပေါက်ပျက်စီးခဲ့သည်။



မြစ်မခမြစ်ရေ တိုက်စားမှုကြောင့် ပျက်စီးခဲ့ရသည့် အဆိုပါတံတားကို မြို့နယ်ကျေးလက်ဦးစီးဌာနက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)

# တနင်္သာရီမြစ်ရေကြီးမှုကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာပြောင်းရွှေ့

**တနင်္သာရီ ဇူလိုင် ၂၈**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့်၊ တနင်္သာရီမြို့နယ်ရှိ တနင်္သာရီမြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့မှ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရကြောင်း သိရသည်။

ယခင်အပတ်မှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ထားဝယ်ဒေသဘက်မှ မြစ်ရေများ တနင်္သာရီမြစ်အတွင်း စီးဝင်လာသည့်အတွက် တနင်္သာရီမြို့နယ်တွင် ရေကြီးရေလျှံသဖြင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် မြို့အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၀ ရွာခန့်မှ ဒေသခံပြည်သူများ ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်နေကြရသည်။

မြစ်ရေ မြင့်တက်လာခြင်းကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ချောင်းကြီး၊ ချောင်းငယ်၊ မွန်စုတို့အပြင် တနင်္သာရီမြို့ပတ်ဝန်းကျင်မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာအုပ်စုများဖြစ်သော မြေမအုံ၊လယ်တောင်ယာ၊မော်တုန်း၊ ပဝနှင့် ညောင်ပင်ကွင်းစသည့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ ရွှေ့ပြောင်းနေရပြီး စာသင်ကျောင်းအချို့လည်း ခေတ္တပိတ်ထားရသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တနင်္သာရီ – ဘုတ်ပြင်း လမ်းပိုင်းရှိ တနင်္သာရီမြို့နယ် လယ်တောင်ယာ ကျေးရွာအနီး အဝေးပြေးလမ်းမကြီးတွင် ရေငါးပေခန့် တက်လာသည့်အတွက် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲနေကြောင်း ဒေသခံခရီးသွားများထံမှ သိရသည်။

မြင့်ဦး (မြိတ်)





## တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကျောင်း ၁၀၄ ကျောင်းမှ သံဃာတော်နှင့်သာမဏေအပါး ၁၀၈၀ အား ဆွမ်းလောင်းလှူ

**တောင်ကြီး ဇူလိုင် ၂၈**

တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်ကျောင်း ၁၀၄ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၂၈ ရက်က တောင်ကြီးမြို့ သာသနာ့လင်္ကာရ ကမ္ဘာ့ဇသာသနာ့ဗိမာန်ကျောင်းရှေ့၌ ကျင်းပသည်။



ဆရာတော်၊ သံဃာတော်များအား ဆွမ်းလောင်းလှူပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများက တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကျောင်းများမှ သံဃာတော်အပါး ၃၈၀ နှင့် သာမဏေအပါး ၇၈၀ တို့အား ဆွမ်းနှင့် ဆွမ်းဟင်းများ၊ အချိုပွဲများ၊ သစ်သီးများ၊ ခေါက်ဆွဲခြောက်များ လောင်းလှူကြပြီး ဝါတွင်းကာလတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများက ဆက်လက်၍ ဆွမ်းလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အင်းစိန်မြို့နယ်၌ ဝါဆို စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) စာပေ ဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ဝါဆို စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယက ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့် -ငှက်ဖျား)တို့က အမှာစကားပြောကြားကာ စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဖိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗုဒ္ဓစာပေများ ပြန့်ပွားထွန်းကားရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဝင်များက "သန္တေတာထွက် ဓမ္မစက် မိန့်မြွက်သံချို လဝါဆိုနှင့် ဓမ္မသြပြေပင်"၊ "ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းဖြင့် အပါယ်မရောက် လူခုနစ်ယောက်"၊ "နိဗ္ဗာန် ရည်မှန်းဝါဆိုပန်း" စသည့် ခေါင်းစဉ်များဖြင့် ဘာသာရေးဗဟုသုတ ရဖွယ် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## မိုးနှမ်းများအထွက်ကောင်းပြီး ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်လျက်ရှိ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၈**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၌ တန်ခူးလအတွင်း စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် ပဲစင်းငုံသီးနှံများအနက် နှမ်းသီးနှံကို ယခုဝါဆိုလပြည့် ကျော်မှစတင်၍ နုတ်သိမ်းနေကြပြီဖြစ်ရာ မိုးနှမ်းများ အထွက်ကောင်းပြီး ဈေးကောင်းရရန် တောင်သူများ မျှော်လင့်နေကြသည်။



ကျောက်ပန်းတောင်းမြို့နယ်၌ ယခုနှစ်တွင် မိုးနှမ်းကို တစ်မြို့နယ်လုံးအနေဖြင့် ၁၁၂၅၂၅ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် မိုးမြေပဲကို ၂၂၁၃၇ ဧက စိုက်ပျိုးခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ မိုးသီးနှံများအနက် ယခုအခါ နှမ်းသီးနှံများ စတင်နုတ်သိမ်းလျက်ရှိပြီး မုတ်သုံမိုး နေ့စဉ်လိုလို ရွာသွန်းနေသည့် ကြားမှာပင် တောင်သူများအနေဖြင့် နှမ်းနုတ်ခြင်း၊ စည်းခြင်း၊ နှမ်းပုံ/နှမ်းထောင်ခြင်းများကို အချိန်လု၍ လုပ်ဆောင်နေရကြောင်း သိရသည်။

"နှမ်းက အထွက်ကောင်းပါတယ်၊ အဆန်လည်းပါတယ်၊ သီးရင့်လည်းများတယ်။ ဈေးလေးကောင်းဖို့ပဲလိုတာပါ၊ အခုလည်း မိုးနဲ့လေနဲ့ အလုအယက် လုပ်နေကြရတာ၊ နေပွင့်တာနဲ့ တစ်ခါတည်းခါပြီး ပုတ်ထဲ တောင်းထဲထည့်နိုင်အောင် လုပ်နေရတာပါ"ဟု ကြံစို့ကျေးရွာမှ နှမ်းတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် နှမ်းစိုက်ပျိုးရာတွင် အချို့တောင်သူများက ပဲစင်းငုံသီးနှံလည်း ဈေးကောင်းရရှိနေသဖြင့် နှမ်းနှင့် ပဲစင်းငုံကို ရောစပ်၍ သီးညှပ်အဖြစ် တစ်ပါတည်း စိုက်ပျိုးခဲ့ကြသဖြင့် ဝါဆိုပဲကို စိုက်ပျိုးနိုင်ခြင်း မရှိတော့ကြောင်း၊ နှမ်းသီးနှံ သီးသန့်စိုက်ပျိုးခဲ့ကြသည့် တောင်သူများမှာ နှမ်းနုတ်သိမ်းပြီးသည်နှင့် ဝါဆိုမြေပဲကို ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## စာကြည့်တိုက်များသို့ သုတရသစာအုပ်များ လှူဒါန်း

**တပ်ကုန်း ဇူလိုင် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ စာကြည့်တိုက်များသို့ သုတရသစာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဇူလိုင် ၂၇ ရက်တွင် ပေးအပ်လှူဒါန်းသည်။

မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည့် စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်တင့်တင်ခိုင်က စာအုပ်များလှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား သုတရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မြန်မာစာ မြန်မာစကား

### ဝါကျတွင်းဖွဲ့စည်းပုံ ပိုခြင်း၊ လိုခြင်း

ဝါကျများဖွဲ့သောအခါ **ပိုခြင်း၊ လိုခြင်း** ရှိတတ်သည်။

**ပိုခြင်း**ဆိုသည်မှာ မလိုအပ်သော စကားလုံးများ၊ ပုဒ်များ ပါဝင်ဖွဲ့စည်းနေခြင်းဖြစ်သည်။

**လိုခြင်း**ဆိုသည်မှာ လိုအပ်သောစကားလုံးများ၊ ပုဒ်များ မပါရှိခြင်းဖြစ်သည်။

ဤ**ပိုခြင်း၊ လိုခြင်း**တို့သည် ဝါကျ၏အဓိပ္ပာယ်ကို ရှုပ်ထွေးစေတတ်သည်။

ထို့ကြောင့် ဝါကျဖွဲ့ရာတွင် လိုအပ်သည့် စကားလုံး၊ ပုဒ်တို့ မကျန်ရှိစေရန် ဂရုပြုရသည်။ မလိုအပ်သည့် စကားလုံး၊ ပုဒ်တို့ မပါရှိစေရန်လည်း သတိပြုရသည်။




### ပိုခြင်း

၁။ သေဆုံးသူများမှာ ဟိုယန်းမြစ်အတွင်း ကူးတို့သင်္ဘော မှောက်၍ လူ (၁၀) ဦး သေဆုံးပြီး (၅)ဦး ဒဏ်ရာ ရရှိသွားသည်။
ဟိုယန်းမြစ်အတွင်း ကူးတို့သင်္ဘောမှောက်၍ လူ (၁၀) ဦး သေဆုံးပြီး (၅) ဦး ဒဏ်ရာရရှိသွားသည်။ ✔

၂။ သစ်တောကုမ္ပဏီတို့က ဆက်သွင်းရန် ငွေတော် နှစ်သန်း သုံးသိန်းကျော်များကို မတောင်းမခံ ချမ်းသာ ပေးတော်မူမည့်အကြောင်း...
သစ်တောကုမ္ပဏီတို့က ဆက်သွင်းရန် ငွေတော် နှစ်သန်းသုံးသိန်းကျော်ကို မတောင်းမခံ ချမ်းသာ ပေးတော်မူမည့်အကြောင်း... ✔

၃။ ကြို့ကုန်းကျေးရွာ၊ နေကြာစိုက်ခင်း မြေကြီးထဲတွင် မြှုပ်ထားသော ဘိန်းစိမ်း (၈ ဒသမ ၆၅ ကီလို) ကို ဝှက်၍သိမ်းထားသည်ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ...
ကြို့ကုန်းကျေးရွာ၊ နေကြာစိုက်ခင်း မြေကြီးထဲတွင် မြှုပ်ထားသော ဘိန်းစိမ်း ( ၈ ဒသမ ၆၅ ကီလို ) ကို ရှာဖွေ သိမ်းဆည်း ရမိသဖြင့် ... ✔

၄။ ကျွန်တော်၏ နားနှစ်ဖက်သည် လေတဟူးဟူး ထွက်ကာ အစဉ်အမြဲ နားက အူနေပါသည်။
ကျွန်တော်၏နားနှစ်ဖက်သည်လေတဟူးဟူးထွက်ကာ အစဉ်အမြဲ အူနေပါသည်။ ✔




၅။ ဟိုတယ်နှင့်တွဲလျက် ကားကြီးများ ရပ်နားစခန်းပါ တွဲ၍ ဖွင့်လှစ်ထားသည့်အတွက် ရန်ကုန်မှလာသည့် ကားကြီးများရပ်နားရန် နေရာအသင့်၊ ကုန်များကို သိုလှောင်ရန် အသင့်ရှိသည့်အပြင် . . . ဟိုတယ်နှင့် တွဲလျက် ကားကြီးများ ရပ်နားစခန်းပါ ဖွင့်လှစ်ထားသည့်အတွက် ရန်ကုန်မှလာသည့်ကားကြီးများ ရပ်နားရန်နေရာ အသင့်၊ ကုန်များကို သိုလှောင်ရန်အသင့် ရှိသည့်အပြင် ... ✔

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်အနောက်ဘက်တွင် စက်သုံးဆီတင်သင်္ဘောတစ်စင်း ထပ်မံနစ်မြုပ်


ဇူလိုင် ၂၅ ရက်က နစ်မြုပ်ခဲ့သည့် စက်သုံးဆီတင်သင်္ဘော။

**မနီလာ ဇူလိုင် ၂၈**
မနီလာမြို့အနောက်ဘက် ဘာထန်ပြည်နယ်တွင် စက်သုံးဆီတင်သင်္ဘောတစ်စင်း ထပ်မံနစ်မြုပ်သွားကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ဇူလိုင် ၂၈ တွင် သတင်းထုတ်ပြန်သည်။

စက်သုံးဆီတင်သင်္ဘော အမ်တီကေအာ ဂျေဆင်ဘရက်ဒလေသည် မေရီဗဲလစ်မြို့အနီးတွင် ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီဝန်းကျင်က နစ်မြုပ်သွားကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ် ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး အာမန်ဒို ဘာလီလိုက ပြောကြားသည်။ သင်္ဘောနစ်မြုပ်သည့်နေရာသို့ ကမ်းခြေစောင့် ရေယာဉ်သုံးစင်း သွားရောက်ခဲ့ပြီး အဆိုပါရေယာဉ်တွင် ဆီများယိုဖိတ်နေသဖြင့် ယင်းတို့ကို မပျံ့နှံ့စေရေး လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းကို မကြာမီစတင်တော့မည်ဖြစ်ပြီး တစ်ပတ် သို့မဟုတ် နှစ်ပတ်ခန့်ကြာမြင့်မည်ဟု မျှော်လင့်ထားကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့၏ ဒုတပ်မှူး မိုက်ကယ်ဂျွန်အန်စီနာက ပြောကြားသည်။

ဘာထန်ပြည်နယ် လီမေမြို့အနီး ဇူလိုင် ၂၅ ရက်က နစ်မြုပ်ခဲ့သည့် ဖိလစ်ပိုင် ရေနံတင်သင်္ဘောမှ ယိုစိမ့်နေသည့် စက်မှုလောင်စာဆီတိုင်ကီကိုးခု၏ အဆို့ရှင်များကိုလည်း ရေငုပ်သမားများက ဇူလိုင် ၂၉ ရက်တွင် အပြီးသတ်ပိတ်ဆို့နိုင်ရန် လုပ်ဆောင်နေပြီး ဇူလိုင် ၃၀ ရက်တွင် ဆီများစုပ်ယူခြင်း လုပ်ငန်းကို ဆက်လက်လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း ဗိုလ်ချုပ်ကြီး ဘာလီလိုက ပြောကြားသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအတွင်း ကုလသမဂ္ဂဝန်ထမ်း ၂၀၀ နီးပါးသေဆုံး

**ဂါဇာ ဇူလိုင် ၂၈**
ပါလက်စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့ (ယူအင်န်အာဒဗလျူအေ)က ဂါဇာကမ်းမြောင်ဒေသ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ယခုအချိန်အထိ ၎င်းတို့၏ အဖွဲ့ဝင် ၂၀၀ နီးပါး သေဆုံးခဲ့ပြီဟု ပြောကြားသည်။




ယင်းသည် ကုလသမဂ္ဂ တည်ထောင်ပြီးနောက်ပိုင်း ပဋိပက္ခတစ်ခု (သို့မဟုတ်) သဘာဝဘေးဒဏ်ကြောင့် ဝန်ထမ်းအင်အားအများဆုံး ဆုံးရှုံးမှုဖြစ်ကြောင်း၊ ယင်းမှာအရေအတွက်သက်သက်မျှသာ မဟုတ်ဘဲ မိမိတို့၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းများ၊ ဆရာ ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အင်ဂျင်နီယာများ၊ ပံ့ပိုးကူညီရေးဝန်ထမ်းများ၊ လူမှုအသိုက်အဝန်းကို ကူညီပံ့ပိုးပေးနေသည့် ပညာရှင်များ ဖြစ်ကြကြောင်း အဆိုပါအဖွဲ့၏ ကော်မရှင်နာချုပ် ဖီးလစ်လတ်ဇာရီနီက ဆိုရှယ်မီဒီယာ X တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က လူပေါင်း ၁၂၀၀ ခန့် သေဆုံးခဲ့ပြီး ၂၀၀ ကျော်ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရမှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့အပေါ် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ခဲ့သည်။ ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအတွင်း တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၉၂၅၈ ဦးအထိရှိလာကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၇ ရက်က ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အပန်းဖြေငါးဖမ်းစက်လှေတစ်စင်း ရေကာတာကို တိုက်မိမှုကြောင့် ၁၁ ဦး ဒဏ်ရာရ

**တိုကျို ဇူလိုင် ၂၈**
ဂျပန်နိုင်ငံအနောက်ပိုင်း တော့ကုရှီမခရိုင်တွင် အပန်းဖြေငါးဖမ်းစက်လှေတစ်စင်း ရေကာတာကိုဝင်တိုက်မိရာ စက်လှေပေါ်ရှိ ကပ္ပတိန်အပါအဝင် ၁၁ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ဒိုင်နီအိုင်မာရူစက်လှေသည် ဆာကိုင်မီနာတိုမြို့ကမ်းရိုးတန်းမှ ထွက်ခွာလာပြီး ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီတွင် ရေကာတာကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်အရာရှိများက ပြောသည်။ စက်လှေပေါ်တွင် လိုက်ပါလာသူများမှာ အသက် ၆၀ ဝန်းကျင်မှ အသက် ၂၀ ဝန်းကျင်အတွင်းဖြစ်ပြီး ၎င်းတို့အားလုံးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အသက် ၄၀ ဝန်းကျင်နှင့် အသက် ၆၀ ဝန်းကျင်နှစ်ဦးမှာ ဦးခေါင်းပိုင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ စက်လှေ၏ဘယ်ဘက်ခြမ်းမှာ ပျက်စီးသွားကြောင်း ကမ်းခြေစောင့်အရာရှိက အတည်ပြုခဲ့သည်။ မတ်ဆုမြို့ အငူအနီး ယခုအပျော်စီးငါးဖမ်းစက်လှေ မတော်တဆဖြစ်ပွားမှုနေရာ၏ အရှေ့မြောက်ဘက် ၆ ကီလိုမီတာခန့်အကွာတွင် အခြားသောငါးဖမ်းစက်လှေတစ်စင်း ကျောက်တုံးဖြင့်တိုက်မိရာ ငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးမှုကြောင့် ၁၂ ဦးထက်မနည်း သေဆုံး

**ခါတွန် ဇူလိုင် ၂၈**
ဆူဒန်နိုင်ငံအရှေ့ပိုင်း ကက်ဆာလာပြည်နယ်တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးမှုများကြောင့် ၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဆူဒန်ကျန်းမာရေးဝန်ကြီး ဟိုင်သမ်မိုဟာမက် အီဘရာဟင် က ဇူလိုင် ၂၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂၆ ရက်က ဆူဒန်နိုင်ငံအရှေ့ပိုင်းရှိ မြို့အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုတို့ ဖြစ်ပေါ်ခဲ့သည်။ ယင်းကြောင့် နေအိမ်များ ပျက်စီးမှုနှင့် နေရပ်စွန့်ခွာသူများနေထိုင်သည့် ခိုလှုံရာစင်တာအချို့ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရသည်။ ရေကြီးနစ်မြုပ်မှုကြောင့် အဆိုပါနေရာများတွင် ခိုလှုံနေထိုင်ကြသူ ထောင်ပေါင်းများစွာ၏ အခက်အခဲများပို၍ ဆိုးရွားစေခဲ့သည်။ အစောပိုင်းအစီရင်ခံစာအရ ပြည်နယ်မြို့တော် ကက်ဆာလာမြို့ကို ဖြတ်စီးဆင်းသည့် ဂါ့ရှ်မြစ်ရေ၏ ရေပမာဏမြင့်တက်လာလိမ့်မည်ဟု ဆူဒန်မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ မြို့နေပြည်သူများ ရေကြီးမှုဘေးအန္တရာယ်အတွက် သတိရှိကြရန်နှင့် မြစ်ကမ်းပါးနှင့်ဝေးဝေးတွင်နေထိုင်ကြရန် တိုက်တွန်းထားသည်။

ရေကြီးနစ်မြုပ်မှုမှာ ဆူဒန်နိုင်ငံတွင် နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပြီး အထူးသဖြင့်ဇွန်လမှ အောက်တိုဘာလအတွင်း ဖြစ်ပွားလေ့ရှိသည်။ ပြီးခဲ့သည့် သုံးနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးမြေအများအပြားပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**

# အသေအပျောက်များသော ဘောလုံးကွင်းတိုက်ခိုက်မှုအတွက် အစ္စရေးတို့ လက်တုံ့ပြန်မည် ဟစ်ဇ်ဘိုလာအဖွဲ့က တိုက်ခိုက်မှုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ငြင်းဆိုထား

**ဂျေရုဆလင် ဇူလိုင် ၂၈**
အစ္စရေးတို့ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသရှိ ဘောလုံးကွင်းတစ်ကွင်းသို့ လူအသေအပျောက်များစေခဲ့သည့် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးက ကတိပြုပြောကြားလိုက်သည်။

ယင်းတိုက်ခိုက်မှုမှာ လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့တွင် တာဝန်ရှိကြောင်း အစ္စရေးက ပြောကြားသော်လည်း ၎င်းအဖွဲ့က ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသည်။



**ကလေးငယ် ၁၀ ဦး သေဆုံး**

အစ္စရေးတို့ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ကို လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘောလုံးကစားနေသော ကလေးငယ် ၁၀ ဦး သေဆုံးကြောင်း စနေနေ့တွင် အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

**ကြီးမားစွာပေးဆပ်ရလိမ့်မည်**

ထို့အပြင် အခြား ၂၀ လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အစ္စရေးသည် ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး လျစ်လျူရှုသွားမည် မဟုတ်ကြောင်းနှင့် ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် ယင်းတိုက်ခိုက်မှုအတွက် ကြီးမားစွာပေးဆပ်ရလိမ့်မည်ဟု ဘင်ဂျမင်နေတန်ယာဟု၏ ပြောကြားချက်ကို အစ္စရေးဝန်ကြီးချုပ်ရုံးက ကိုးကားဖော်ပြထားသည်။

**နှစ်ဖက်တင်းမာမှုများ မြင့်တက်**

ဟစ်ဇ်ဘိုလာအဖွဲ့က အဆိုပါဖြစ်ရပ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် မဟုတ်မမှန်စွပ်စွဲချက်များကို ငြင်းဆိုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့ကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိကြောင်းနှင့် နှစ်ဖက်ကြား တင်းမာမှုများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆိုးရွားသည့်သဘာဝဘေးကြောင့် ပူဆွေးသောကများနှင့် ကြုံနေရသည့် အီသီယိုးပီးယားပြည်သူများ

**နွယ်နီလင်း**



အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂိုဖာ၌ မြေပြိုမှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

အီသီယိုးပီးယားနိုင်ငံသည် အာဖရိက ဦးချိုဒေသတွင်တည်ရှိသော ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံသည် အာဖရိကတွင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၈၅ ဒသမ ၂ သန်းခန့်ရှိသည်။ ယခုအခါ နိုင်ငံတောင်ပိုင်း ဂိုဖာခရိုင် ကန်ချိုရှာခါဂေါ့ဒီကျေးရွာ၌ ဇူလိုင်၂၁ ရက် ညပိုင်းနှင့် ၂၂ ရက် နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုများကြောင့် လူပေါင်းရာနှင့်ချီ သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။

**သေဆုံးသူအရေအတွက် တိုးလာ**

အီသီယိုးပီးယားနိုင်ငံ၌ ဇူလိုင် ၂၁ ရက် ညပိုင်းက အချိန်ကြာမြင့်သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပထမအကြိမ်မြေပြိုမှု ဖြစ်ပွားခဲ့သည်ဟု ဒေသတွင်း အာဏာပိုင်များက ဆိုသည်။ ဒုတိယအကြိမ်ဖြစ်ပွားသည့် မြေပြိုမှုမှာ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အခင်းဖြစ်ပွားရာနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ရန် စုစည်းနေသည့် လူများက ရွှံ့ညွှန်များအောက်တွင် နစ်မြုပ်သွားခဲ့သဖြင့် သေဆုံးသူအရေအတွက် တိုးလာခြင်းဖြစ်သည်။

ရွှံ့ညွှန်များက တောင်ကုန်းပေါ်မှ လျှောကျလာပြီး မိခင်နှင့် ကလေးများကို ဖုံးလွှမ်းသွားခဲ့ပြီး အစ်ကိုက ရွှံ့ညွှန်များအောက်မှ မိမိအား ဆွဲယူခဲ့သော်လည်း ကလေးလေးယောက်မှာ မြုပ်သွားခဲ့ကြောင်း၊ ၎င်း၏ ခင်ပွန်းမှာလည်း ပျောက်ဆုံးနေဆဲဖြစ်ပြီး ရွှံ့ညွှန်များအကြား နစ်မြုပ်၍ သေဆုံးသွားပြီဟု ထင်မိကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးက ဆိုသည်။

**ရွှံ့ညွှန်များအကြား ရုန်းထွက်**

ဒါဝစ်သည် မိမိကိုယ်ကို ရွှံ့ညွှန်များအကြား ရုန်းထွက်ခဲ့ရာ အသက်ရှင်ခဲ့ပြီး ညီမကို တူးဖော်ရန် အခင်းဖြစ်ပွားရာနေရာသို့ ပြန်လာခဲ့သည်။ အဆိုပါနေရာသို့ ဒုတိယအကြိမ် ရောက်ရှိချိန်တွင် ညီမ၏ ကလေးနှစ်ယောက်သာ အသက်ရှင်ကျန်ရစ်ခဲ့သည်။

မြေပြိုမှုကြောင့် သေဆုံးသူများထဲတွင် ကလေးများ၊ အမျိုးသမီးများအပြင် လုံခြုံရေးဝန်ထမ်းများနှင့် ဒေသန္တရအစိုးရအရာရှိများလည်း ပါဝင်ကြသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ အရေးပေါ်တုံ့ပြန်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများကို ဆက်လက်ပြုလုပ်နေချိန် အတွင်း မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ၂၅၇ ဦးအထိရှိလာပြီး စုစုပေါင်း လူဦးရေမှာ ၅၀၀ အထိ တိုးလာနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (ယူအင်န်အိုစီအိတ်ချ်အေ) က သတိပေးထားသည်။

အီသီယိုးပီးယားနိုင်ငံ၌ ရွှံ့ညွှန်များအောက်တွင် ပြန်လည်တွေ့ရှိခဲ့သည့် ရုပ်အလောင်းများကြောင့် သေဆုံးသူအရေအတွက် တိုးလာခြင်းဖြစ်သည်ဟု ဒေသတွင်း အာဏာပိုင်များ၏ ပြောကြားချက်များကို ကိုးကားပြီး ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဆိုသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့များသည် အီသီယိုးပီးယားနိုင်ငံ တောင်ပိုင်း၌ ဆိုးရွားသည့်မြေပြိုမှု ဖြစ်ပွားခဲ့သည့်အတွက် အီသီယိုးပီးယားအစိုးရကို ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်ဟု လူသားချင်းစာနာထောက်ထားသူများက ဆိုသည်။ အဆိုပါ ထောက်ပံ့ရေးပစ္စည်းများထဲတွင် အမိုးအကာများ၊ အာဟာရများ၊ ရေသန့်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များ ပါဝင်သည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဆိုသည်။

အီသီယိုးပီးယားနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် ကြက်ခြေနီအသင်းနှင့် အစုအဖွဲ့ဝင်များ၏ ထောက်ပံ့မှုနှင့်အတူ ဒေသတွင်းအာဏာပိုင်များ၏ ဦးဆောင်မှုဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ လူပေါင်း ၁၂၅ ဦးထက်မနည်း အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒဏ်ရာရရှိသူများကို အနီးနားရှိ ကျန်းမာရေးဌာနများသို့ ပို့ဆောင်ပေးခဲ့သည်ဟု အဆိုပါရုံးက ပြောကြားသည်။

အီသီယိုးပီးယားအစိုးရသည်မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် အသက်ငါးနှစ်အောက် ကလေး ၁၃၂၀ နှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၄၀၀ အပါအဝင် ထိခိုက်လွယ်သည့် လူပေါင်း ၅၂၉၃ ဦးတို့ကို နေရာပြောင်းရွှေ့ပေးရန် ပြုလုပ်လျက်ရှိသည်။ ယခုအချိန်အထိ လူပေါင်း ၆၀၀ ကို နေရာပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်သည်။

**စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရ**

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်ပြီး ခက်ခဲသည့် မြေပြင်အခြေအနေနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

သဘာဝဘေးသင့် ပြည်သူများအား နောက်ထပ်မြေပြိုမှုအန္တရာယ်များကြောင့် ဘေးကင်းစိတ်ချရသည့်နေရာများသို့ ချက်ချင်းပြောင်းရွှေ့ရန် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက သတိပေးထားသည်။

အီသီယိုးပီးယားနိုင်ငံ၌ ဇူလိုင်လတွင် စတင်သည့် မိုးရာသီကာလအတွင်း လူသေဆုံးမှုနှင့် အပျောက်အဆုံးများသည့်မြေပြိုမှုများ ဖြစ်ပွားပြီး စက်တင်ဘာလလယ်အထိ မိုးရွာသွန်းမှု ကြာမြင့်ရန် ခန့်မှန်းထားသည်။ အီသီယိုးပီးယားဒေသများနှင့် အာဖရိကဦးချိုဒေသတစ်ဝန်း လာမည့်လများအတွင်း ပုံမှန်ထက် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ခြေရှိသည်ဟု ပြီးခဲ့သည့်လက ပြည်သူများအား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရအာဏာပိုင်အဖွဲ့က သတိပေးထားသည်။

အီသီယိုးပီးယား နိုင်ငံတစ်ဝန်း ရုတ်တရက်ရေကြီးမှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် လူနှင့် တိရစ္ဆာန် သေဆုံးမှုများ၊ ပစ္စည်းများဆုံးရှုံးမှု၊ နေရာပြောင်းရွှေ့မှုများနှင့် ရေကြောင့်ဖြစ်သည့် ရောဂါများ ဖြစ်ပွားနိုင်ပြီး လူပေါင်း ၂ ဒသမ ၅ သန်းကျော် ထိခိုက်စေနိုင်သည်ဟု ရာသီဥတုခန့်မှန်းရေးနှင့် အသုံးပြုရေးစင်တာက သတိပေးထားသည်။

အီသီယိုးပီးယားနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူများအတွက် ဇူလိုင် ၂၇ ရက်မှစကာ သုံးရက်ကြာနိုင်ငံတော်ဝမ်းနည်းခြင်းနေ့အဖြစ် ကြေညာခဲ့သည်။

ထို့ပြင် ယခုအခါတွင်လည်း အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်း၌ လှေတစ်စင်းနစ်မြုပ်မှု ဖြစ်ပွားသဖြင့် လူ ၁၉ ဦးခန့် ပျောက်ဆုံးနေသည်ဟု ဒေသတွင်းမီဒီယာများက ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက နိုင်ငံမြောက်ပိုင်း အမ်ဟာရာဒေသရှိ မြစ်အတွင်း လူ ၂၆ ဦး တင်ဆောင်လာသည့် လှေတစ်စင်း နစ်မြုပ်သွားခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာမှ ကလေးငယ်တစ်ဦးအပါအဝင် ခုနစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူအရေအတွက်ကိုလည်း မသိရသေးကြောင်း ဒေသတွင်း အာဏာပိုင်များက ဆိုသည်။ ကယ်ဆယ်ခဲ့သည့် ကလေးမှာ ပြင်းထန်ဒဏ်ရာများရရှိပြီး လက်ရှိတွင် နီးစပ်ရာ ကျန်းမာရေးဌာန၌ ဆေးကုသမှုခံယူလျက်ရှိသည်။ အခင်းဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လုပ်ပြုလုပ်လျက်ရှိရာ ယခုအချိန်အထိ သေဆုံးသူနှစ်ဦးကို ပြန်လည်တွေ့ရှိခဲ့သည်။ လှေနစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူ ၁၉ ဦးမှာလည်း သေဆုံးနိုင်ခြေရှိသည်ဟု ဒေသတွင်းမီဒီယာများက ဆိုသည်။

**ကိုးကား - ဆင်ဟွာ၊ အေအက်ဖ်ပီ**

❒ **အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ အရေးပေါ်တုံ့ပြန်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေချိန်အတွင်း မြေပြိုမှုကြောင့်သေဆုံးသူဦးရေမှာ ၂၅၇ ဦး အထိရှိလာပြီး စုစုပေါင်း လူဦးရေမှာ ၅၀၀ အထိ တိုးလာနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (ယူအင်န်အိုစီအိတ်ချ်အေ) က သတိပေးထား**

❖ **အီသီယိုးပီးယားနိုင်ငံတစ်ဝန်း ရုတ်တရက်ရေကြီးမှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် လူနှင့် တိရစ္ဆာန် သေဆုံးမှုများ၊ ပစ္စည်းများဆုံးရှုံးမှု၊ နေရာပြောင်းရွှေ့မှုများနှင့် ရေကြောင့်ဖြစ်သည့်ရောဂါများ ဖြစ်ပွားနိုင်ပြီး လူပေါင်း ၂ ဒသမ ၅ သန်းကျော် ထိခိုက်စေနိုင်သည်ဟု ရာသီဥတုခန့်မှန်းရေးနှင့် အသုံးပြုရေးစင်တာက သတိပေး**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ



**မန္တလေး ဇူလိုင် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် ပါမောက္ခ/ဌာနမှူးဆရာတော်များ၊ သင်တန်းသားသံဃာတော်များ ကြွရောက်၍ ပြင်ပပညာရှင်ဆရာကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြည့်ညိုကြသည်။

စာတမ်းဖတ်ပွဲတွင် ဘဒ္ဒန္တစန္ဒိမာ(နည်းပြ၊ သုတ္တန္တပိဋကမဟာဌာန)က "ဘုရားရှင်၏ ပထမဆုံးရာဇဂြိုဟ် ပြည်ခရီးစဉ်" စာတမ်း၊ ဘဒ္ဒန္တဇဋိလ(လက်ထောက်ကထိက၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန) က "ညောင်ရမ်းခေတ်သာလွန်မင်းတရားကြီးလက်ထက် သာသနာရေးအခြေအနေများကို လေ့လာခြင်း" စာတမ်း၊ ဘဒ္ဒန္တဂန္ဓသာရ(နည်းပြ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန)က "မရမ္မရဋ္ဌကတ္တွေရေဟိ ကထာပါဠိဂန္ထာ"စာတမ်း၊ ဘဒ္ဒန္တကေသရ(ကထိက၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန)က "The Buddha's Personal Welcomes: Spiritual Journeys of Thera Mahakassapa and Thera Mahakappina" စာတမ်း။

ဘဒ္ဒန္တဝိစိတ္တ(ဌာနစုမှူး၊ ပိဋကတ်တိုက်ဌာန)က "တက္ကသိုလ်နှင့်စာကြည့်တိုက်" စာတမ်း၊ ဘဒ္ဒန္တနာဂသေန(လက်ထောက်ကထိက၊ အဘိဓမ္မပိဋကမဟာဌာန)က "ဂေါတြဘူပုဂ္ဂိုလ်ကိုလေ့လာခြင်း " စာတမ်း၊ ဘဒ္ဒန္တ ကေသဝ(ဌာနစုမှူး၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန)က "ကျေ နှင့် ကြေ ဝေါဟာရအသုံးတို့ကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်း ၊ ဘဒ္ဒန္တကဝိန္ဒ(နည်းပြ၊ ဝိနယပိဋကမဟာဌာန)က "လူ့သီလနှင့်သီလရှင်သီလကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းနှင့် ဘဒ္ဒန္တကုမာရ(ဌာနစုမှူး၊ သုတေသန၊ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန)က "တက္ကသိုလ်နှင့်သုတေသနလုပ်ငန်းများ" စာတမ်းတို့ကို စာတမ်းရှင်ဆရာတော်ကိုးပါးတို့က ဖတ်ကြားဆွေးနွေးကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲအခမ်းအနား ပြီးဆုံးကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်း)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစပြီး၊ ရှမ်း ၊ 'ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ၊ အရှေ့ပိုး ကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ' ဝ ' ဘာသာ အစီအစဉ် နံနက်(၈:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီ အထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ ညနေ(၁၄:၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၄:၀၀)နာရီမှ ညနေ(၁၅:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀)နာရီမှ ည(၁၇:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ ည (၁၇:၀၀) နာရီမှ (၁၉:၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည (၁၉:၀၀)နာရီမှ (၂၁:၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ် တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**

## ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် 10th ASEAN +3 Junior Science Odyssey ပြိုင်ပွဲတွင် မြန်မာလူငယ်အဖွဲ့ရွှေနှစ်ခု၊ငွေတစ်ခု ရရှိ



**ရန်ကုန် ဇူလိုင် ၂၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် 10th ASEAN + 3 Junior Science Odyssey ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခုရရှိခဲ့သော မြန်မာနိုင်ငံကိုယ်စားပြု လူငယ်အဖွဲ့သည် ဇူလိုင် ၂၇ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန်မှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင်အထက(၁) နေပြည်တော်မှ နန်းလင်းသက်သွယ်က Quiz Competition က ရွှေတံဆိပ်၊ အမှတ်(၁)ပျဉ်းမနားအခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေးမှ မောင်ရဲရင့်အောင်က Pitching Project Competition က ရွှေတံဆိပ်၊ အထက(၁) ဇေယျာသီရိ နေပြည်တော်မှ မကေရီထွန်းလင်းက Pitching Project Competition ငွေတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အာဆီယံနိုင်ငံအပါအဝင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံမှ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထက်ရှိ လူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

## ကျိုက်ထိုမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မီးရထားသံလမ်း ရေနစ်မြုပ်

**ကျိုက်ထို ဇူလိုင် ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိမ်ဇရပ်မြို့ အမှတ်(၄) ရပ်ကွက်ကြီး နဝရတ်ရပ်ကွက်အနီး၊ ရန်ကုန်-မော်လမြိုင် ရထားလမ်း မိုင်တိုင်အမှတ် (၇၇/၁၈)နှင့်(၇၇/၂၂)အကြား ရထားသံလမ်း အရှည် ပေ ၅၀၀ ခန့်၊ အနက်နှစ်ပေခန့်မှာ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရထားသံလမ်း ရေနစ်မြုပ်နေမှုကြောင့် ရန်ကုန်ဘက်မှ ထွက်ခွာလာသည့် ရထားအမှတ်(၈၁)အဆန်ရထားမှာ မော်လမြိုင်ဘက်သို့ ဆက်လက်ထွက်ခွာနိုင်ခြင်းမရှိဘဲ အမှတ်(၃) ရပ်ကွက်ကြီး ဆိပ်ကမ်းသာရပ်ကွက် စစ်တောင်းတံတား(ဟောင်း)အနီးတွင် ရပ်နားလျက်ရှိပြီး ခရီးသည်များအား နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှစ၍ ကျင်းပခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပိုက်ကျော်ခြင်း(အမျိုးသား) နှစ်ယောက်တွဲပွဲစဉ်တွင် ပထမဆု မြောင်းမြအသင်း၊ ဒုတိယဆု မုံရွာအသင်း၊ တတိယဆု ရန်ကင်းအသင်း၊ သုံးယောက်တွဲပွဲစဉ်တွင် ပထမဆု သဃ်န်းကျွန်းအသင်း၊ ဒုတိယဆု မိတ္ထီလာအသင်း၊ တတိယဆု တောင်ငူအသင်း၊ လေးယောက်တွဲပွဲစဉ်တွင် ပထမဆု တောင်ငူအသင်း၊ ဒုတိယဆု မြောင်းမြအသင်းနှင့် တတိယဆု ရန်ကင်းအသင်းတို့ ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့်အသင်းများ၊ နောက်ခံလူအကောင်းဆုံး အားကစားသမားဆု၊ ညာအတွင်းလူအကောင်းဆုံး အားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုနှင့် တံခွန်စိုက်ဆုရရှိသည့် မြောင်းမြအသင်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## စဉ့်ကိုင်မြို့နယ် ပညာ့တံခွန် ငွေစုငွေချေးသမဝါယမအသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပညာတံခွန် (ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းလီမီတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၇ ရက်က အ.ထ.က(စဉ့်ကိုင်)သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ ဦးခင်မောင်သိန်းနှင့် မြို့နယ်ပညာရေးမှူး ဦးကိုကိုကြီးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက အသင်း၏ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စည်းမျဉ်းစည်းကမ်းချက်များကို ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရှင်းတမ်းများ၊ အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းသား အသင်းသူများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စုဆောင်းငွေအပေါ်မှ အတိုးရငွေ ၃၂၈ ဒသမ ၈ သိန်းကို အသင်းသား ၇၄၇ ဦး၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးအတွက် ထောက်ပံ့ထုတ်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ၏ သမဝါယမစနစ်ကို လေ့လာခြင်း

ခန့်ဇော်(ကျေးလက်)

**ထိုင်းနိုင်ငံတွင် သမဝါယမစနစ်ကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်၊ ၁၉၁၅ ခုနှစ်ဝန်းကျင်ကတည်းက စတင်ခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် ပထမဆုံးသော သမဝါယမအသင်း Wat Chan Cooperative Unlimited Liability ကို Phitsanulok ၌ အစိုးရက ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အကြွေးမဆပ်နိုင်သည့် တောင်သူများအား အကူအညီပေးနိုင်ရန် ကျေးရွာချေးငွေသမဝါယမအသင်းငယ်လေးတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် လုပ်ကွက်ငယ်တောင်သူများ၏ စီးပွားရေးဖူလုံမှုမှတစ်ဆင့် ကုန်သွယ်နိုင်မှုအဆင့်အထိ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် ရည်ရွယ်ခဲ့ပြီး သမဝါယမစနစ်တွင် စိုက်ပျိုးရေး၊ ချေးငွေနှင့် ဝန်ဆောင်မှုကဏ္ဍများပါ ပါဝင်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။**

၂၀၁၇ ခုနှစ်က ထိုင်းနိုင်ငံ၏ GDP တွင် သမဝါယမအသင်းများ၏ အထောက်အကူပြုနိုင်မှုသည် ၁၃ ရာခိုင်နှုန်းခန့်ရှိပြီး သမဝါယမအသင်းအားလုံး လည်ပတ်နေသည့် လုပ်ငန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၉ ဘီလီယံခန့်ရှိကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ သမဝါယမအသင်းပေါင်း ၈၁၃၀ ကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၁၉ ရာခိုင်နှုန်းခန့်၊ အသင်းသား ၁၂ သန်းခန့်သည် သမဝါယမအဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့အနက် တစ်ဝက်ခန့်သည် စိုက်ပျိုးရေးဆိုင်ရာသမဝါယမအသင်းဝင်များဖြစ်ကြသည်။

၁၉၆၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ထိုင်းနိုင်ငံ သမဝါယမအသင်းအဖွဲ့ချုပ် (The Cooperative League of Thailand)သည် ထိုင်းနိုင်ငံရှိ သမဝါယမအသင်းအားလုံးကို ကိုယ်စားပြုသည့် အမျိုးသားအဆင့်အဖွဲ့ချုပ်ဖြစ်သည်။ ထိုင်းနိုင်ငံရှိ သမဝါယမစနစ်၏ ထူးခြားချက်မှာ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အဖွဲ့အစည်း နှစ်ရပ်လုံးမှ သမဝါယမကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်သည်။

**ကဏ္ဍအလိုက် သမဝါယမအသင်းများရှိခြင်း**

ထိုင်းနိုင်ငံတွင် သမဝါယမအသင်းများကို ကဏ္ဍများအလိုက်ဖွဲ့စည်းထားရှိရာ ယေဘုယျအားဖြင့် အမျိုးအစား ခုနစ်မျိုးခန့် ခွဲခြားနိုင်ပြီး စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍများတွင် ၅၃ ရာခိုင်နှုန်း၊ ချေးငွေကဏ္ဍတွင် ၂၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၅ ရာခိုင်နှုန်း၊ ချေးငွေရယူသူများတွင် ၉ ရာခိုင်နှုန်းနှင့် စားသုံးသူကဏ္ဍတွင် ၂ ရာခိုင်နှုန်း စသည်ဖြင့် တွေ့ရှိရသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာန (Cooperative Promotion Department-CPD)ကို ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် သမဝါယမကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့သည်ကို တွေ့ရသည်။

အခြေခံလူတန်းစားပြည်သူများနှင့် လုပ်ကွက်ငယ်တောင်သူများအတွက်ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် လူထုအခြေပြုဘဏ္ဍာရေးသမဝါယမအသင်းများ အားကောင်းလာစေရေး အလေးပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ သမဝါယမကဏ္ဍအဆင့်ဆင့် ပြောင်းလဲလာမှု၏ နောက်ကွယ်တွင် ကျောထောက်နောက်ခံပြု ဥပဒေများသည်လည်း လိုအပ်ချက်နှင့်လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းထားမှုများ ရှိခဲ့သည်ကို လေ့လာသိရှိရပါသည်။



စိုက်ပျိုးရေးဆိုင်ရာ သမဝါယမအသင်းတစ်ခု၏ ထုတ်ကုန်သစ်သီးဝလံများအား တွေ့ရစဉ်။

**သမဝါယမဥပဒေ**

ထိုင်းနိုင်ငံ၏ ပထမဆုံးသော သမဝါယမဥပဒေကို ၁၉၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် ပထမအကြိမ်ပြင်ဆင်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် သမဝါယမအသင်းများအက်ဥပဒေကို အတည်ပြုခဲ့ပြီး ၁၉၁၄ ခုနှစ် သမဝါယမအသင်းဥပဒေကိုတော့ လွှမ်းမိုးပယ်ဖျက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သမဝါယမအသင်းများ အက်ဥပဒေကို ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒုတိယအကြိမ် ပြင်ဆင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တတိယအကြိမ်ပြင်ဆင်ခဲ့ရာ ယခင်အက်ဥပဒေအား ပြင်ဆင်သည့်ပုဒ်မ (၁၈) ခု ပါဝင်ပါသည်။

**၂၀၁၀ ပြည့်နှစ် ဥပဒေပြင်ဆင်ချက်၏ အဓိကအချက်များ**

အဓိကပြင်ဆင်ခဲ့သည့် အချက်များမှာ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ လမ်းညွှန်ချက်များဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့် သမဝါယမပြည်ထောင်စုဝန်ကြီးထံသို့ အကြံပြုတင်ပြရန် အမျိုးသားအဆင့်သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့အား လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ပေးအပ်ခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ရေးဆွဲသည့်ကာလနှင့်အညီ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့် အစီအမံများရေးဆွဲရမည်ဖြစ်ခြင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မြေယာအခြေချမှု၊ စားသုံးသူ၊ စားဝတ်နေရေးနှင့် ချေးငွေ၊ ဝန်ဆောင်မှုနှင့် ချေးငွေယူနီယံ စသည့် သမဝါယမကဏ္ဍ ခုနစ်ခုလုံးကို မြှင့်တင်ပေးရမည်ဖြစ်ခြင်း၊ ထိုင်းနိုင်ငံသားများသာလျှင် သမဝါယမအသင်းဝင်ဖြစ်ခွင့် ရှိခြင်းတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လက်ရှိသမဝါယမအသင်းဥပဒေအား ပြင်ဆင်ရန် စီစဉ်လျက်ရှိရာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်ရန်၊ တိုးတက်ကောင်းမွန်စေမည့် ထည့်သင့်ထည့်ထိုက်သည့်အချက်များအား ထည့်သွင်းဖြည့်စွက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမကဏ္ဍ**

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမကဏ္ဍတွင် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မြေယာအသုံးချမှုဟူ၍ အမျိုးအစား (၃)မျိုး ခွဲခြားထားပြီး စိုက်ပျိုးရေးအခြေပြုသမဝါယမအသင်းတွင် နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်မှာ အသင်းဝင်များဖြစ်ကြသည်။

**Photong စိုက်ပျိုးရေးသမဝါယမအသင်း**

၁၉၃၆ ခုနှစ်တွင် သမဝါယမအသင်း ငါးသင်းကို အဖွဲ့ဝင် ၇၆ ဦးဖြင့် စတင်တည်ထောင်ခဲ့ပြီး ၃၉၉၀၀ ဘတ်ဖြင့် စတင်လည်ပတ်ခဲ့ရာ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အသင်းသား ၂၈၈ ဦး၊ လည်ပတ်ရန်ပုံငွေ ၈၄၄၆၈၀ ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ၁၉၇၁ ခုနှစ်တွင် **"Photong စိုက်ပျိုးရေး သမဝါယမလီမိတက်"**ဟု ပြောင်းလဲခဲ့ပြီး ၁၉၇၆ ခုနှစ် မေလ ၁ ရက်နေ့တွင် Photong Cooperative Ltd.၊ Photong Rice Selling Cooperative Ltd.နှင့် Photong Land Cooperative Ltdတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းခဲ့ပြီး ဆန်လုပ်ငန်းအတွက် အခြောက်ခံခြံ၊ ထရပ်ကားများနှင့် ဂိုဒေါင်များ၊ အဆောက်အဦ၊ ဗဟိုဈေးများ ပိုင်ဆိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ဗဟိုဈေး/ ဗဟိုဈေးကွက်**

သမဝါယမအသင်းဗဟိုဈေးတွင် ကုန်ပစ္စည်းများသိုလှောင်ရာနေရာ၊ ဆန်အခြောက်ခံရာနေရာနှင့် ကတ္တားတို့ပါဝင်ပြီး ယင်းသည် ရောင်းသူနှင့် ဝယ်သူ တွေ့ဆုံရာနေရာလည်းဖြစ်သည်။ အဆောက်အဦအားလုံးကို CPD မှ ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ၎င်းဈေးကွက်မှ ဆန်တန်ချိန် ၁၅၀၀၀၀ ခန့် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။ အသင်းဝင်မဟုတ်သော လယ်သမားများအနေဖြင့် ဗဟိုဈေးရှိ အထောက်အကူပြုပစ္စည်းများကို အသုံးပြုနိုင်သော်လည်း အသင်းမှရရှိသည့် အကျိုးအမြတ်ကိုမူ အသင်းဝင်လယ်သမားများသာ ခံစားခွင့်ရှိမည်ဖြစ်သည်။ ဈေးကွက်တွင် ဆန်တစ်တန် ရောင်းချနိုင်ပါက ဘတ် ၅၀ ရရှိကြောင်း သိရှိရသည်။ အသင်းအနေဖြင့် ဆန်များဝင်ရောက်ရောင်းချခြင်းမရှိဘဲ လယ်သမားများကိုယ်တိုင် ဝယ်သူများနှင့် ပွင့်လင်းမြင်သာစွာ ဈေးနှုန်းညှိနှိုင်းရောင်းချနိုင်သည်ကို တွေ့ရသည်။

**ဘက်စုံဈေးကွက်ရှာဖွေရေး မဟာဗျူဟာ ချမှတ်ခဲ့သည့် KAC စိုက်ပျိုးရေးသမဝါယမအသင်း**

၁၉၉၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် Khao Kitchakuod(KAC) စိုက်ပျိုးရေးသမဝါယမအသင်းသည် အဖွဲ့ဝင် ၁၄၀၀ ကျော်ရှိပြီး အသင်း၏အဓိက လုပ်ဆောင်ချက်မှာ အရည်အသွေးပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းတို့ဖြစ်သည်။ Khao Kitchakuod ခရိုင်မှ နှစ်စဉ် သစ်သီးဝလံထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချရမှု လည်ပတ်ငွေပမာဏမှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်ရှိသည့်အတွက် နိုင်ငံတော်အဆင့် သစ်သီးဝလံထုတ်လုပ်တင်ပို့သူများအသင်းဖြစ်ပါသည်။

ဘက်စုံဈေးကွက် မဟာဗျူဟာသည် အောက်ခြေမှ အထက်သို့တက်သည့် မဟာဗျူဟာကို အခြေခံထားပြီး ဈေးကွက်ပေါင်းစည်းရေးဆောင်ရွက်ချက်များ၊ ကောင်းမွန်သောစိုက်ပျိုးရေးကျင့်စဉ်များ (Good Agricultural Practices-GAP)ကို အခြေခံသည့် အရည်အသွေးဦးစားပေး သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနှင့် အသင်းဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း နည်းလမ်းများကို အဓိကဦးစားပေး ရေးဆွဲထားရှိခြင်းဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

■ **မြန်မာနိုင်ငံတွင်လည်း လက်ရှိသမဝါယမအသင်းဥပဒေအား ပြင်ဆင်ရန် စီစဉ်လျက်ရှိရာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်ရန်၊ တိုးတက်ကောင်းမွန်စေမည့် ထည့်သင့်ထည့်ထိုက်သည့်အချက်များအား ထည့်သွင်းဖြည့်စွက်ရန် ဆောင်ရွက်လျက်ရှိ**

● **အသင်းဝင်မဟုတ်သော လယ်သမားများအနေဖြင့် ဗဟိုဈေးရှိ အထောက်အကူပြုပစ္စည်းများကို အသုံးပြုနိုင်သော်လည်း အသင်းမှရရှိသည့် အကျိုးအမြတ်ကိုမူ အသင်းဝင်လယ်သမားများသာ ခံစားခွင့်ရှိမည်ဖြစ်သည်။ ဈေးကွက်တွင် ဆန်တစ်တန်ရောင်းချနိုင်ပါက ဘတ် ၅၀ ရရှိကြောင်း သိရှိရသည်။ အသင်းအနေဖြင့် ဆန်များဝင်ရောက်ရောင်းချခြင်းမရှိဘဲ လယ်သမားများကိုယ်တိုင် ဝယ်သူများနှင့် ပွင့်လင်းမြင်သာစွာ ဈေးနှုန်းညှိနှိုင်းရောင်းချနိုင်သည်ကို တွေ့ရ**

စာမျက်နှာ ၁၆ မှ

### အာဆီယံနိုင်ငံများအကြား သမဝါယမကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ

ထိုင်းနိုင်ငံသည် အာဆီယံဒေသတွင်း သမဝါယမ အသင်းများအကြား စိုက်ပျိုးရေးနှင့် အခြား ထုတ်ကုန်များအတွက် ဈေးကွက်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်တွင် (၈)ကြိမ်မြောက် အာဆီယံ သမဝါယမကဏ္ဍ စီးပွားရေးလုပ်ငန်းဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အတွေ့အကြုံများ နီးနှောဖလှယ်ခဲ့ကြသည်။ စီးပွားရေး၊ ကုန်သွယ်မှု၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် သမဝါယမအသင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်နိုင်ရေးအတွက် ထိုင်း-အာဆီယံစင်တာနှင့် သတင်းအချက်အလက် ဗဟိုဌာန သမဝါယမအသင်းချုပ် (Thai-ASEAN Center and Information Hub)ကို တည်ထောင်ခဲ့သည်။

### သမဝါယမအသင်းနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေး

သမဝါယမမြှင့်တင်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏သမဝါယမစာရင်းစစ်ဆေးရေးဦးစီးဌာနကဲ့သို့သော အစိုးရဌာနများသည် သမဝါယမအသင်းအဖွဲ့အားလုံးနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုရှိပြီး အောက်ပါတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်-

(က) ဥပဒေပြုရေးမှတ်ပုံတင်ရေးနှင့်သမဝါယမစနစ် အားကောင်းစေရေး၊

( ခ ) နိုင်ငံတစ်ဝန်းရှိ လေ့ကျင့်ရေးစင်တာ ၁၀ ခုမှတစ်ဆင့် သမဝါယမကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးသင်တန်းများ ပို့ချပေးခြင်း၊

( ဂ ) သမဝါယမအသင်းများအား နည်းပညာအကူအညီများပေးခြင်း၊

(ဃ) သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ သမဝါယမအသင်းများသို့ ငွေကြေးအကူအညီ/အထောက်အပံ့များ ပေးခြင်း၊

( င ) မှန်ကန်သည့် လမ်းညွှန်ချက်များနှင့် ဦးတည်ချက်များ ချမှတ်ပေးခြင်း။

ပြည်နယ်သမဝါယမကဏ္ဍမြှင့်တင်ရေး ဦးစီးဌာနများသည် သမဝါယမအသင်းများအား နည်းပညာအကူအညီများ ပံ့ပိုးပေးသော်လည်း လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်မှုမရှိကြောင်း သိရှိရပါသည်။

**ထိုင်းနိုင်ငံ၏ သမဝါယမကဏ္ဍဆောင်ရွက်ချက်များ**

ထိုင်းအစိုးရသည် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကြား ချိတ်ဆက်မိစေရန် ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်သည်။

၂၀၁၁ ခုနှစ်တွင် အစိုးရက ပင်လယ်ဆားထုတ်လုပ်ခြင်းကို လယ်ယာလုပ်ငန်းအမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး ထုတ်လုပ်သူများအား တောင်သူများအဖြစ် အသိအမှတ်ပြုခဲ့သဖြင့် ပင်လယ်ဆားထုတ်လုပ်ခြင်းလုပ်ငန်းသည် မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပြီး ဆားသမဝါယမအသင်းများသည် ထိုင်းနိုင်ငံ၏ အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများ ဖြစ်လာခဲ့သည်။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေးသမဝါယမအသင်းဝင်များအတွက် အခြေခံအုတ်မြစ်ဖြစ်သော စပါးမျိုးနှင့် ပဲစေ့မျိုးများကို သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ပြီး ထွက်ရှိလာသော အရည်အသွေးမြင့် စပါးနှင့် ပဲများကို ပြန်လည်ဝယ်ယူသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ လယ်ယာထွက်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ဝယ်ယူပြီးသော မျိုးစေ့များကို တောင်သူများထံ ပြန်လည်ဖြန့်ဝေပေးသည်။ ထို့ပြင် တောင်သူများ၏ကြွေးမြီများ လျှော့ချနိုင်ရေးအတွက်လည်း စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

**လယ်သမားများ၏ကြွေးမြီများ လျှော့ချရေးစီမံကိန်း**

နိုင်ငံအတွင်းရှိ ဘတ်ငွေ တစ်သိန်းအောက် ကြွေးမြီရှိသော လယ်သမား ၁ ဒသမ ၅ သန်းခန့်အတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အတိုးနှုန်း ၃ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည့်အပြင် သုံးနှစ်ဆက်တိုက် ချေးငွေယူပိုင်ခွင့်ပေးခြင်းဖြင့် အတိုးနှုန်းမြင့်မားစွာ ချေးယူထားသည့်အကြွေးများအား ပြန်ဆပ်နိုင်စေခြင်း၊ လယ်ယာကုန်ထုတ်စွမ်းအားအတွက်ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်နိုင်စေခဲ့သည်။

### မြေသြဇာဝယ်ယူရေးချေးငွေ

ထို့ပြင် သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနသည် လယ်သမားအသင်းဝင်များအတွက် ဓာတ်မြေသြဇာနှင့် မျိုးစေ့ဝယ်ယူရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေရရှိစေမည့် စီမံကိန်းကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ရန်ပုံငွေကုန်ကျစရိတ်နှင့် လယ်ယာထွက်ကုန်များ၏ ကုန်ကျစရိတ်တို့ကို လျှော့ချနိုင်ပြီး လယ်သမားများ၏ဝင်ငွေတိုးပွားစေခဲ့သည်ကို တွေ့ရှိရသည်။

### သမဝါယမကဏ္ဍအတွက် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ

ထိုင်းနိုင်ငံရှိ သမဝါယမအသင်းများတွင်မူ အခြားနိုင်ငံများကဲ့သို့ပင် ငွေကြေးထောက်ပံ့မှု အရင်းအမြစ်များရှိသည်ကိုတွေ့ရပြီး ယင်းတွင် အဖွဲ့ဝင်များ၏ရှယ်ယာများ၊ အဖွဲ့ဝင်များ၏အပ်ငွေများ၊ ပိုလျှံငွေများအပေါ် ဆောင်ရွက်ချက်များ၊ ပြင်ပချေးငွေ/ အထောက်အပံ့များ ပါဝင်သည်ကို တွေ့ရှိရသည်။ ထို့ပြင် သမဝါယမဖွံ့ဖြိုးရေးရန်ပုံငွေဟူ၍ရှိပြီး ယင်းကို သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနမှ စီမံခန့်ခွဲကာ စိုက်ပျိုးရေးသမဝါယမဘဏ်မှ ချေးငွေမရရှိနိုင်သော သမဝါယမအသင်းများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနတွင် ရန်ပုံငွေအတွက် စုစုပေါင်းဘတ်သန်း ၃၀၀၀ လျာထားပြီး ဘတ်တစ်သန်းအောက် ချေးငွေရယူခြင်းကို ပြည်နယ်အစိုးရမှ ဆုံးဖြတ်နိုင်သည်။ ဘတ် တစ်သန်းအထက်ဖြစ်ပါက ဗဟိုအဆင့်မှ ဆုံးဖြတ်သည်။

### သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

ဘန်ကောက်မြို့ဆင်ခြေဖုံးရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် Patum Rice Mill ဆန်စက်သည် ဆန်များကို လယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူခြင်း၊ ဆန်စက်များမှတစ်ဆင့် ဝယ်ယူခြင်းနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများထံမှ ဝယ်ယူခြင်းဖြင့် ပြည်တွင်း ပြည်ပသို့ ဆန်များတင်ပို့ရောင်းချလျက်ရှိသည်။ အစိုးရအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုအတွက် စံချိန်စံညွှန်း သတ်မှတ်ပေးထားပြီးဖြစ်သော်လည်း ကုမ္ပဏီဘက်မှလည်း ဆန်အရည်အသွေးကို စဉ်ဆက်မပြတ် စစ်ဆေးရပြီး ထုတ်ကုန်အရည်အသွေးထိန်းချုပ်နိုင်ရန် စပါးအရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ပေးသည်ကို တွေ့ရှိရသည်။

ယခုအချိန်တွင် ဈေးကွက်ရှာဖွေရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများက အဓိကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့သမဝါယမအသင်းများသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို၍ ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရှိရသည်။

### အစိုးရက ဈေးကွက်ရှာဖွေရေးကို မူဝါဒပိုင်းအရ ပံ့ပိုးကူညီပေးခြင်း

ထိုင်းအစိုးရသည် စပါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် ပြည်ပမှ စပါးဝယ်ယူခြင်းအား တားမြစ်သည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး စပါးဈေးအနိမ့်ဆုံး သတ်မှတ်ဈေးထက် ကျသွားသည့်အခါ မူလသတ်မှတ်ဈေးနှုန်းဖြင့် အစိုးရက ဝယ်ယူပေးသည့် ဈေးနှုန်းအာမခံစနစ်ကို ထူထောင်ပေးခဲ့သည်။

### ဆင်းရဲမှုလျှော့ချခြင်းဖြင့် လူမှုရေးကဏ္ဍမြှင့်တင်ခြင်း

ထိုင်းနိုင်ငံရှိ သမဝါယမအသင်းအများစုသည် အသင်းဝင်များ၏ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရုံသာမက စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် လေ့ကျင့်ရေးသင်တန်းများ ပို့ချပေးခြင်း၊ ဆေးကုသစရိတ်ထောက်ပံ့ပေးခြင်း၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုများအတွက် အခြေခံလူမှုဝန်ဆောင်မှုများ ပေးခြင်းတို့အတွက် လူမှုရေးရန်ပုံငွေများ ထူထောင်ထားရှိပြီး ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၃၇၁ သင်းသည် ၎င်းတို့၏ အသားတင်အမြတ်ငွေမှ ၄ ဒသမ ၆၆ ရာခိုင်နှုန်း (ဘတ် ၅၀၀၀ မှ ၅၀၀၀၀ ကြား) ကို ပညာရေးနှင့် လေ့ကျင့်သင်ကြားပေးရေးအတွက် ခွဲဝေပေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

သမဝါယမအသင်းအဖွဲ့ဝင်တစ်ယောက် ဆုံးပါးသွားခဲ့ပါက နာရေးစရိတ်ကို မျှဝေကျခံခြင်းဖြင့် မိသားစုကို ကူညီရန်အတွက် "နာရေးကူညီမှုအသင်း"ကို ဖွဲ့စည်းတည်ထောင်ထားရှိပြီး ယင်းမှာ ကျေးလက်ဒေသရှိ သမဝါယမအသင်းများကြားတွင် လုပ်ရိုးလုပ်စဉ်(ထုံးစံ)တစ်ခုဖြစ်သည်။ ထို့ပြင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကြုံလာပါကလည်း အရေးပေါ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ မသန်စွမ်းသူများအား အများပြည်သူထံမှ အသိအမှတ်ပြုမှုရရှိရန် ကူညီပေးခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှုရရှိနိုင်စေရန်အတွက် အားပေးလုပ်ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မျက်မမြင်နှင့် မသန်စွမ်းသူများအတွက် ချေးငွေသမဝါယမအသင်းလီမိတက် (Credit Union Cooperative of the Blindness and the Disabled Limited) ကို ထူထောင်ထားရှိပြီး မသန်စွမ်းအဖွဲ့ဝင်များအား အရင်းအနှီးနှင့် ချေးငွေများပေးသည်။ အများစုမှာ ထီရောင်းခြင်းဖြစ်ပြီး လက်ရှိတွင် သမဝါယမအသင်းသား ၁၁၇ ဦး၊ စုစုပေါင်းမတည်ငွေ ဘတ် ၈၀၀၀၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် အထက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များအရ ထိုင်းနိုင်ငံရှိ သမဝါယမလုပ်ငန်းများသည် ကဏ္ဍစုံဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး အစိုးရ-ပုဂ္ဂလိက ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်နိုင်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် သမဝါယမစနစ်ကိုစံပြုသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက တောင်သူများ ဝင်ငွေတိုးပွားလာသည်နှင့်အမျှ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။


**ကိုးကားစာရင်း**

Cooperatives in Thailand (http://icaap.coop/sites/ica-ap.coop/files )

COOPERATIVE MOVEMENT IN THAILAND (2005)


## မိုင်းပန်မြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းပန် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို အခြေခံပညာ အထက်တန်းကျောင်း (မိုင်းပန်)၌ ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် လင်းခေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအား သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးနိုင်က သစ်တောမှ ပေးစွမ်းသော အကျိုးကျေးဇူးများနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း ရှင်းလင်းဟောပြောပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။



ဆက်လက်၍ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က သစ်ပင်စိုက်ပျိုးနည်းနှင့် ပြုစုပျိုးထောင်နည်းများရှင်းပြပြီး ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခရေပင်၊ ကံ့ကော်ပင်၊ စွယ်တော်ပင်၊ သရက်ပင်၊ တမာပင်၊ စိန်ပန်းပင်နှင့် မဟော်ဂနီပင် စုစုပေါင်း အပင် ၁၆၀ ကို အခြေခံပညာ အထက်တန်းကျောင်း (မိုင်းပန်) ကျောင်းဝင်းအတွင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

နော်မှိုင်း

(ပြန်/ဆက်)

## ကျွန်းလှ၌ မိုးမြေပဲစိုက်ခင်းအတွင်း အမြန်သုံးစူပါအီးအမ်ဘိုကာရှီ ထည့်သွင်း

**ကျွန်းလှ ဇူလိုင် ၂၈**


စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးမြေပဲစိုက်ခင်းအတွင်း အမြန်သုံး စူပါအီးအမ်ဘိုကာရှီထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မန်ကျည်းအင်းကျေးရွာ ကွင်းအမှတ်(၂၉၂) တောင်သူ ဦးရာစိန်၏ မိုးမြေပဲစိုက်ခင်း သုံးဧက၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက စိုက်ခင်းများအတွင်း အမြန်သုံးအီးအမ်ဘိုကာရှီ ထည့်သွင်းအသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်က မိုးမြေပဲ ၇၂၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှ ၄၃ ဒသမ ၅၀ တင်း ထွက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးမြေပဲစိုက်ပျိုးရန် ၇၂၂၃ ဧက လျာထားပြီး ယနေ့အထိ ၅၅၈၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)


အင်းတော်ကြီးကန်နှင့် ရေလယ်ရွှေမြို့ဘုရား။ ဓာတ်ပုံ-ရွှေမိုးညှင်း


လင်းတကျောဖြူ

# မြန်မာနိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ် ဥယျာဉ်များ (သို့မဟုတ်) အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာနယ်မြေများ

■ *သီဟစည်သူ*

*(ဇူလိုင် ၂၂ ရက်မှအဆက်)*

**(၂) အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်**

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြန်မာပြည်မြောက်ပိုင်းတွင် တည်ရှိသည့် အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုဖြစ်သည်။ အဆိုပါတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၈၁၄ ဒသမ ၉၉ စတုရန်းကီလိုမီတာ၊ ၃၁၄ ဒသမ ၆၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ အင်းတော်ကြီးအိုင်အပါအဝင် ဆက်စပ်သစ်တောကြိုးဝိုင်းငါးခု၊ စုစုပေါင်းဧရိယာ ၂၀၁၃၈၉ ဧက၊ ၈၁၄၉၉ ဟက်တာကို အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ အင်းတော်ကြီးကန် အနီးဝန်းကျင်တွင် ကျေးရွာ ၁၅ ရွာမှ လူပေါင်း ၅၀၀၀၀ ကျော် နေထိုင်ကြပြီး စားဝတ်နေရေးအတွက် ငါးဖမ်းလုပ်ငန်းနှင့် ဆန်စပါးစိုက်ပျိုးခြင်းတို့အတွက် ရေဝပ်ဒေသဂေဟစနစ်အပေါ် မှီခိုနေကြရသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်းတွင်းရေချိုကန်ကြီးဖြစ်သည့် အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဆောင်းခိုငှက်များ ဝင်ရောက်ရာ အရှေ့အာရှ-ဩစတြေးလျငှက် ပျံသန်းရာလမ်းကြောင်း (EAAF-118)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေဝပ်ဒေသ(Site No.2256)အဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် Wetland Link International-WLI နှင့် ချိတ်ဆက်နိုင်ခဲ့သည်။

ဘေးမဲ့တော၏ ၅၀ ရာခိုင်နှုန်းကို ရွက်ကြွေတောများဖြင့် ဖုံးလွှမ်းထားပြီး ကျန် ၃၀ ရာခိုင်နှုန်းကို စိမ့်မြေတောများဖြင့် ဖုံးလွှမ်းထားသည်။ အခြားသစ်တောအမျိုးအစားများမှာ အမြဲစိမ်းတော၊ ရွက်ကြွေတောဝါး၊ တောင်ပေါ်တော ထင်းရှူးဖြစ်သည်။ စာရင်းဇယားများအရ ၁၆၅ မျိုးသော သစ်ပင်နှင့် ဆေးဖက်ဝင်သစ်ပင်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါ ၃၈ မျိုး၊ ငှက်မျိုးစိတ် ၄၄၈ မျိုး၊ တွားသွားသတ္တဝါ ၄၁ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၃၄ မျိုးနှင့် လိပ်ပြာအမျိုးပေါင်း ၅၀ ကျော်ရှိသည်။ မျိုးသုဉ်းလုနီးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် လင်းတကျောဖြူနှင့် မြန်မာနိုင်ငံ၌သာ တွေ့ရသော မျိုးစိတ်ဖြစ်သည့် နဖားကြိုးအမြီးဝိုင်းငှက်တို့ အပါအဝင် ရှားပါးငှက်မျိုးစိတ် ၁၀ မျိုး ကျက်စားလျက်ရှိသည်။ ထို့အတူ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်တွင် နှစ်စဉ် ဆောင်းခိုငှက်မျိုးစိတ် ၃၀ ကျော်၊ ဌာနေငှက်မျိုးစိတ် ၂၀၀ ကျော်နှင့်အတူ ငှက်ကောင်ရေ စုစုပေါင်း ၂၀၀၀၀ ဝန်းကျင် ပုံမှန်နားခိုကျက်စားနေထိုင်လျက်ရှိသည်။

**(၃) အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တည်ရှိသည့် အလောင်းတော် ကဿပ အမျိုးသား ဥယျာဉ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံး သဘာဝဘေးမဲ့တော ဥယျာဉ်တစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံ အမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ် ခံခဲ့ရသည်။ အလောင်းတော် ကဿပအမျိုးသားဥယျာဉ်သည် အကျယ်အဝန်း ၃၄၆၆၃၉ ဒသမ ၃၉ ဧက(၅၄၁ ဒသမ ၆၂ စတုရန်းမိုင်)ရှိပြီး ၂၀၂၀ ပြည့်နှစ်အထိ ကောက်ယူထားသည့် အချက်အလက်များအရ ဘေးမဲ့တောဥယျာဉ်အတွင်း တောရိုင်းတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျားသစ်၊ ပြောင်၊ စိုင်၊ ဆတ်၊ ဝက်ဝံ၊ ချေ၊ တောဆိတ်၊ တောခွေး၊ မျောက်အမျိုးမျိုးနှင့် တောကြောင် အမျိုးမျိုး စသည့် နို့တိုက်သတ္တဝါ ၃၆ မျိုး၊ အောင်လောင်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ဒေါင်း၊ ရစ် အစရှိသည့် ငှက်အမျိုးပေါင်း ၄၇၇ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၉၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၂၅၀ အပြင် သဘာဝပေါက်ပင်များဖြစ်သော ကျွန်း၊ ပိတောက်၊ တမလန်း၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး စသည့် သစ်မျိုး ၄၆၅ မျိုး၊ ရှားပါးသစ်ခွ ၅၄ မျိုး၊ ဆေးဖက်ဝင်အပင် ၁၄၃ မျိုး၊ ဝါးပိုး၊ တင်းဝါး၊ မြင်ဝါး စသည့် ဝါးမျိုးစိတ် ရှစ်မျိုး၊ ကြိမ် လေးမျိုးအပါအဝင် တောရိုင်းတိရစ္ဆာန် ၈၅၇ မျိုးနှင့် သဘာဝ ပေါက်ပင် ၆၇၄ မျိုးကို ထိန်းသိမ်းထားကြောင်း သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။


အလောင်းတော်ကဿပ ဘေးမဲ့တောဥယျာဉ်အတွင်း ကျက်စားသည့် ကျားသစ်တစ်ကောင်။

**မျိုးသုဉ်းလုနီး အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် လင်းတကျောဖြူနှင့် မြန်မာနိုင်ငံ၌သာ တွေ့ရသော မျိုးစိတ်ဖြစ်သည့် နဖားကြိုးအမြီးဝိုင်းငှက်တို့ အပါအဝင် ရှားပါးငှက်မျိုးစိတ် ၁၀ မျိုး ကျက်စားလျက်ရှိသည်။ ထို့အတူ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်တွင် နှစ်စဉ် ဆောင်းခိုငှက်မျိုးစိတ် ၃၀ ကျော်၊ ဌာနေငှက်မျိုးစိတ် ၂၀၀ ကျော်နှင့် အတူ ငှက်ကောင်ရေ စုစုပေါင်း ၂၀၀၀၀ ဝန်းကျင် ပုံမှန်နားခို ကျက်စားနေထိုင်လျက်ရှိ**

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၀၀ မှ မီတာ ၁၂၈၀ အထိရှိသော တောင်တန်းများ၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများ၊ ကုန်းမြင့်များ တည်ရှိပြီး အထက် ရွက်ပြတ်ရောနှောတောစို၊ အထက် ရွက်ပြတ်ရောနှောတောခြောက်၊ အောက်ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ ထင်းရှူးတောနှင့် ချောင်းဘေးအမြဲစိမ်းတောများ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Shoe Making Machinery and Equipment တစ်လုံး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၂၃၂၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် 60% Cotton 40% Polyester Pique ၆၀၄၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၆၄၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၆၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မောတောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် My Boy နို့ဆီနှင့် နို့စိမ်းဘူး ၁၆၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၉၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) နှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယိုးဒယားစာတမ်းပါ ပဲပိစပ်ဆီ ငါးလီတာပါ ဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၉၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၄ ဒသမ ၀၅၃) တန်၊ သစ်မာ (၃ ဒသမ ၇၂၁)တန်၊ အခြားသစ် (၁၆ ဒသမ ၂၄၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၁၀၀၀၁) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၄၅၉၀၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၁၆၅၉၂၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၈၇၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၇၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် သမုန်းကုန်း(၄)လမ်းတွင် ဖွဲ့မာန်ဦး(ခ)ချစ်တီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြား၊ မွန်းလွဲ ၃ နာရီမိနစ် ၄၀ တွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ ဝင်းထိုက်(ခ)ဝင်းကို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာအနီးတွင် သက်ဖြိုးအောင်(ခ) သာလိကာ မောင်းနှင်ပြီး အောင်ဇေယျာဖြိုး(ခ) ကြက်တူရွေး လိုက်ပါလာသည့် NISSAN DIESEL ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း Ammonium Nitrate ကီလို ၁၂၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ထိန်းချုပ် ဓာတုပစ္စည်း Ammonium Nitrate များ သယ်ဆောင်ခိုင်းသူ သီဟဇင်အား ကျိုင်းတုံမြို့ ရပ်ကွက်(၄) ခွာညို(၂)လမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပွဲစဉ်မတိုင်မီ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အဖွင့်ပွဲစဉ်တွင် ရှုံးနိမ့်ထားသော ဂီနီအသင်းသည် ယခုပွဲစဉ်တွင် ပြင်သစ်အသင်းကို နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် ထပ်မံရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ဂီနီအသင်းသည် ယင်းအုပ်စုတွင် နှစ်ပွဲကစား နှစ်ပွဲရှုံးထားသောကြောင့် ရမှတ်ရရှိထားခြင်း မရှိသေးပေ။

ပြင်သစ်အသင်းသည် အဖွင့်ပွဲစဉ်တွင် အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုးပြတ် အနိုင်ရရှိထားသည်။

ထို့ကြောင့် ပြင်သစ်အသင်းသည် အုပ်စု (က) တွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အုပ်စုနောက်ဆုံး ပွဲစဉ်တွင် ပြင်သစ်အသင်းက နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဂီနီအသင်းက အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသား ယူ - ၂၃ ဘောလုံးပြိုင်ပွဲမှ အခြားသော ပွဲစဉ်ရလဒ်များတွင် အမေရိကန်က နယူးဇီလန်ကို လေးဂိုး-တစ်ဂိုး၊ အာဂျင်တီးနားက အီရတ်ကို သုံးဂိုး-တစ်ဂိုး၊ ယူကရိန်းက မော်ရိုကိုကို နှစ်ဂိုး-တစ်ဂိုး၊ စပိန်က ဒိုမီနီကန်ကို သုံးဂိုး-တစ်ဂိုး၊ အီဂျစ်က ဥဇဘတ်ကစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ၊ ပါရာဂွေးက အစ္စရေးကို လေးဂိုး-နှစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သလို ဂျပန်နှင့် မာလီအသင်းပွဲစဉ်တွင်လည်း ဂျပန်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲရရှိသည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

ဂိုးပြတ် အနိုင်ယူပြီး ၂၀၂၀ ရာသီကတည်းက ရရှိထားသည့် လိဂ်ပွဲရှုံးပွဲမရှိစံချိန်မှာ ပွဲ ၆၀ ပြည့်မြောက်ခဲ့သည်။ တန်းတက် သစ္စာအားမာန်အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ကြားရက်တွင် အာဆီယံကလပ် ခြေစစ်ပွဲကစားခဲ့ရသဖြင့် ယင်းပွဲကစားခဲ့သည့် ကစားသမားအများစုကို အနားပေးကာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ်ခဲ့ပြီး သစ္စာအားမာန်အသင်းမှာမူ ပထမဆုံးရမှတ်ရယူနိုင်ရန် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲအစ ကိုးမိနစ်မှာပင် စအောင်ပြည့်ကိုက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးစောစီးစွာရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၃၅ မိနစ်တွင် တောင်ပံကစားသမား သက်ဝေမိုးက ဒုတိယဂိုးထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၇၃ မိနစ်တွင် သက်ဝေမိုး၊ ၄၂ မိနစ်တွင် ဇွဲခန့်မင်းတို့က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် မင်းမော်ဦးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ သက်ဝေမိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစား ရမှတ် ၁၂ မှတ်ရထားပြီး သစ္စာအားမာန်အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၄) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၂၉ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MNL**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကန့်ကြီးထောင့်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုကြောင့် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုနှင့် ရထားလမ်းများ ရေကျော်မှုဖြစ်ပွား

**ကန့်ကြီးထောင့် ဇူလိုင် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ တောင်သူများ၏ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိသည်။

ကန့်ကြီးထောင့်မြို့နယ်၌ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၃ အုပ်စုရှိသည့်အနက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ ကွင်းပေါင်း ၃၂ ကွင်း၊ တောင်သူပေါင်း ၈၄၄ ဦး၊ ဦးပိုင်ပေါင်း ၉၁၅၊ ဧရိယာပေါင်း ၃၈၈၉ ဧကတွင် စိုက်ပျိုးထားရှိသော မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားလျက်ရှိရာ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် ဦးဆောင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

နေ့စဉ်မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကမြစ်ရေမြင့်တက်မှုတို့ကြောင့် ကန့်ကြီးထောင့်မြို့နယ် ဒါးက-ဘဲဂရက်လမ်းပိုင်း မိုင်တိုင်(၁၇၁/၇-၈)၊ တံတားအမှတ်(၉၇)(၄x၂၀')တံတားမှာ တံတားသံပေါင်ကို တစ်ပေခန့် ရေထိုးလျက်ရှိကြောင်း၊ ဒါးက-ဘဲဂရက် လမ်းပိုင်း မိုင်တိုင်(၁၇၁/၉-၁၀)၊ တံတားအမှတ်(၉၇-က)(၁x၄၀') ခန်းဖွင့်တံတားမှာ တံတားသံပေါင်ကို ငါးလက်မခန့်ရေထိုးလျက်ရှိကြောင်း၊ ဒါးကကျေးရွာအနီး(ပုသိမ်-ကြံခင်း)ရထားလမ်း မိုင်တိုင်အမှတ်(၁၇၁/၆)နှင့် (၁၇၁/၈)ကြားတွင် လေးလက်မခန့်ရထားလမ်း ရေကျော်မှုဖြစ်ပွားလျက်ရှိပြီး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



## မိုးသည်းထန်စွာရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်လာမှုကြောင့် ကျိုက်မရောမြို့နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**ကျိုက်မရော ဇူလိုင် ၂၈**
ကျိုက်မရောမြို့နယ်၌ ဇူလိုင် ၂၃ ရက်မှစတင်ကာ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ရှင်စောပုရပ်ကွက်ကမ်းနားပိုင်း ထုံးဘိုပိုင်းရှိနေအိမ်များအတွင်းသို့ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းမှစတင်ကာ မြစ်ရေများ သုံးပေခန့် ဝင်ရောက်သည်။

ထိုသို့ရေများ ဝင်ရောက်နေသော နေအိမ်များမှ သက်ကြီးရွယ်အိုများ၊ ကလေးများနှင့်တိရစ္ဆာန်များကို နီးစပ်ရာကုန်းမြင့်ပိုင်းရှိ ဆွေမျိုးများအိမ်သို့ စတင်ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း၊ ရေနစ်မြုပ်နေသောနေရာများသို့ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ သောက်သုံးရေများ ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်၌ ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီ တိုင်းတာချက်များအရ အတ္တရံမြစ်ရေ၏ အမှတ်မှာ ၄၄၄ စင်တီမီတာရှိပြီး အတ္တရံမြစ်၏ စိုးရိမ်ရေမှတ်မှာ ၅၂၀ စင်တီမီတာရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရထားလမ်းနှင့်ကားလမ်းတို့ ရေကျော်

**ကျောင်းကုန်း ဇူလိုင် ၂၈**
ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ငဝန်မြစ်ရေမြင့်တက်လာမှုကြောင့် ယနေ့တွင် ပုသိမ် - ကြံခင်း ရထားလမ်းသည် ဂုန်မင်းအုပ်စု ဂုန်မင်းကျေးရွာအနီး၊ မိုင်တိုင်အမှတ် (၁၆၇/၂)နှင့် (၁၆၇/၆)ကြား၊ ရထားသံလမ်းပေါ်တွင် ခြောက်လက်မခန့်၊ အရှည် တစ်မိုင်ခန့်နှင့် လှည်းဆိပ်အုပ်စု လှည်းဆိပ်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၆၀/၁၃) နှင့် (၁၆၀/၁၇) ကြား၊ ရထားသံလမ်းပေါ်တွင် ခြောက်လက်မခန့်၊ အရှည်နှစ်ဖာလုံခန့် ရေကျော်လျက်ရှိပြီး သက်ဆိုင်ရာဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က အမှတ်အသားစိုက်ထူခြင်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ ကျောင်းကုန်းမြို့နယ် ဂုန်မင်းနှင့် ဒါးကကြား၊ ရန်ကုန် - ပုသိမ်ကားလမ်းမကြီး မိုင်တိုင်အမှတ်(၈၈/၂)နှင့်(၈၈/၃) ကြား လမ်းအရှည်ပေ ၁၀၀ ခန့်၊



ရေ သုံးလက်မခန့်ကျော်နေသဖြင့် ခရီးသွားယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းအထူး (၂၀) နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့မှ သဲအိတ်များ ကာရံထားရှိပြီး မော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေများ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၂၈**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့်(၂၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ နှစ်ပေကျော်ခန့် (၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ခြောက်ပေခွဲခန့် (၁၉၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ)အထက်သို့ သုံးပေခွဲကျော်ခန့် (၁၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ သုံးပေခွဲခန့် (၁၀၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အထက်သို့ ခြောက်ပေခွဲခန့် (၁၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ)အထက်သို့ နှစ်ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် မြင့်တက်လာနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၇၂/၂-ခဲစင်း)၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၉ နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ(၁၅-က) တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ (၂-၃-၂၀၁၆)ရက်စွဲပါ စာအမှတ် ၂/၃-၃/၇ဦး (၆/၂၃၄)တို့ တင်ပြ၍ ဦးပြည့်ဖြိုးအောင်(မန်နေဂျင်း ဒါရိုက်တာ၊ မန်းအမရ ဖွံ့ဖြိုးရေးကုမ္ပဏီ) ၉/အမဇ (နိုင်)၀၂၀၇၇၈ က အမှုတွဲအမှတ် (၂၃၂၇/၂၀၂၄-၂၀၂၅) ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၉၊ ဦးပိုင်အမှတ် ၃၂-ခ၊ ၅၈X ၅၉ကြား၊ ၃၈x ၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ပန်းအိစံ ၉/ပကခ (နိုင်)၀၆၆၇၅၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၂၁)/ ၄၇ လမ်း၊ ၁၀၇ x ၁၀၆ လမ်းကြားရှိ တပ်ကြပ်မောင်ညို အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်မွန်းဆာက တရားပြိုင် တပ်ကြပ်မောင်ညိုအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၁၆/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်မွန်းဆာ ၁၃/တကန(နိုင်)၀၆၅၀၁၃ ကမြေကွက်၏ ငွေသွင်းဘဏ်ချလန်နှင့် ၂၀-၁၁-၂၉၈၄ ရက်စွဲပါ ငွေသွင်းပြေစာအမှတ် ၂၅၁၈ မူရင်းတို့မှာ ပျောက်ဆုံးနေကြောင်း၊ ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်( စျ-၅)၊ ဦးပိုင်အမှတ် (၁၈)၊ ၆၁ x ၆၂ ကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်နွမ်ဖောင်းထု ၁/မကန(နိုင်)၀၂၂၇၈၅ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှထွန်း ၁/မညန(နိုင်)၁၂၅၉၃၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၇၅-ခ)၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၉နှင့်၃၀တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ(၁၅-က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏(၂-၃-၂၀၁၆)ရက်စွဲပါ စာအမှတ် ၂/၃-၃/၇ဦး (၆/၂၃၄)တို့ တင်ပြ၍ ဦးပြည့်ဖြိုးအောင်(မန်နေဂျင်းဒါရိုက်တာ မန်းအမရပူရ ဖွံ့ဖြိုးရေးကုမ္ပဏီ)၉/အမဇ(နိုင်)၀၂၀၇၇၈က အမှုတွဲအမှတ်(၂၃၃၆/၂၀၂၄-၂၀၂၅) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၇၂/၅)၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊လယ်ယာမြေ ဥပဒေပုဒ်မ ၂၉နှင့်၃၀တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ(၁၅-က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏(၂-၃-၂၀၁၆)ရက်စွဲပါစာအမှတ် ၂/၃-၃/၇ဦး (၆/၂၃၄)တို့ တင်ပြ၍ ဦးပြည့်ဖြိုးအောင်(မန်နေဂျင်းဒါရိုက်တာ မန်းအမရ ဖွံ့ဖြိုးရေးကုမ္ပဏီ)၉/အမဇ(နိုင်)၀၂၀၇၇၈က အမှုတွဲအမှတ်(၂၃၃၂/၂၀၂၄-၂၀၂၅) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ် (၇၁)၊ စစ်ကိုင်း - မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ (၁၅-က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂-၃-၂၀၁၆)ရက်စွဲပါစာအမှတ် ၂/၃-၃/၇ ဦး (၆/၂၃၄)တို့တင်ပြ၍ ဦးပြည့်ဖြိုးအောင် (မန်နေဂျင်းဒါရိုက်တာ မန်းအမရ ဖွံ့ဖြိုးရေးကုမ္ပဏီ) ၉/အမဇ (နိုင်)၀၂၀၇၇၈က အမှုတွဲအမှတ် ၂၃၂၅/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ် (၇၃/၁)၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ (၁၅-က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂-၃-၂၀၁၆)ရက်စွဲပါစာအမှတ် ၂/၃-၃/၇ ဦး (၆/၂၃၄)တို့တင်ပြ၍ ဦးပြည့်ဖြိုးအောင် (မန်နေဂျင်းဒါရိုက်တာ မန်းအမရ ဖွံ့ဖြိုးရေးကုမ္ပဏီ) ၉/အမဇ(နိုင်)၀၂၀၇၇၈က အမှုတွဲအမှတ် ၂၃၃၃/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်၊မြို့မမြောက်ရပ်ကွက်နေ (ဘ)ဦးထွန်းကျော်အောင်၏သား ဦးလှထွန်းသာ(ခ)ဦးငမဲ ၁၁/မဥန (နိုင်)၀၅၂၈၉၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာမွန်သာ ကျေးရွာအုပ်စု ရွာမွန်သာကျေးရွာနေ မမြတ်နိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ၉/သစန(နိုင်) ၂၁၇၅၂၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးရွှေ ပိုင်ဆိုင်သော ရေယာဉ်အုပ်လက်မှတ် ဆတ-၂၇၀/၁၈နှင့် သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် မန်း-၂၂၀/၂၀၁၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၀၃၂၁၀၆

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(မြစ်ကျိုး) ကျောင်း Grade-9(B)မှ မထက်ထက်လွင်၏ ဖခင် အမည်မှန်မှာ ဦးစန်းလင်းဦး ၇/ဝမန(နိုင်) ၀၈၈၄၂၁ ဖြစ်ပါကြောင်း။

**ဦးစန်းလင်းဦး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(မြစ်ကျိုး) ကျောင်း Grade-12မှ မစန်း၏ ဖခင်အမည်မှန်မှာ ဦးအုန်းဝင်း ၇/ဝမန(နိုင်)၀၇၀၁၆၈ ဖြစ်ပါကြောင်း။

**ဦးအုန်းဝင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(မြစ်ကျိုး) ကျောင်း Grade-9မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၇/ဝမန(နိုင်) ၁၅၅၁၈၆ ဖြစ်ပါကြောင်း။

**ဦးဝင်းကိုကို**




## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ချိုတူးလမ်းနေသူများဖြစ်သည့် ဒေါ်လွင်မီမီသက် ၉/မကန(နိုင်)၀၇၉၅၁၈နှင့် ဒေါ်စုမာ ၉/မသန(နိုင်)၁၀၈၄၉၂သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ပွေးတောင်၊ ကွင်းအမှတ်(၆၆၈)၊ ဦးပိုင်အမှတ်(၄၃/၅)၊ ဧရိယာ(၀.၂၅)ကေနှင့် ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀.၄၀)+(၀.၄၀)ဧက စုစုပေါင်းဧရိယာ(၁.၀၅)အကျယ်ရှိမြေအား(၁၃-၁၀-၂၀၂၃)ရက်၌ ဒေါ်သင်းသင်းရွှေထံမှ အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအဆိုပါမြေအား ကျွန်ုပ်မိတ်ဆွေ ဖြစ်သူများမှသာ ဝယ်ယူပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ လက်ရှိထားပိုင်ဆိုင်ပြီး အရောင်းအဝယ်များကိုလည်း ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှသာ ရောင်းချပိုင်ခွင့်ရှိပြီး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ရောင်းချပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်လွင်မီမီသက် | ဒေါ်ဟန်နီငွေးအောင် |
| ဒေါ်စုမာ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၈၈) |
| | ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ |

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အကွက်အမှတ်(၁၂.BS)အကွက်အမည်-မြစ်ငယ်ကွင်း၊ ဦးပိုင်အမှတ်(တ/၈)၊ မြေဧရိယာ(၀ဒသမ၀၆၀)ဧကရှိ ဘိုးဘပိုင်မြေကိုအမည်ပြောင်းပေးရန် ဒေါ်တင်တင်ချိုပါ(၅)ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁-ခ)၊ အကွက်အမည်-ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (င/၃၁)၊ မြေဧရိယာ(၀ဒသမ၀၃၀)ဧကရှိ ဘိုးဘပိုင်မြေကို အမည်ပြောင်းပေးရန် ဒေါ်အေးအေးမော်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၄ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/61793, New Aibo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ရီလေး ၉/မရတ(နိုင်)၀၁၁၈၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/73681, Wuyang Honda 110 M/C ယာဉ်လက်ဝယ်ရှိသူ Fenix Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/3962, DAIHATSU HIJET S201F,P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိုက် ၈/ရစက(နိုင်) ၁၅၈၉၃၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/62374, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ High Speed Motor Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ)၊ အလက (၁)၊ Grade-9 မှ (ဘ) ဦးမောင်ထွေး (၉/ပဥလ(နိုင်) ၀၃၄၁၀၁)၏ သမီး ဖြစ်သူ မဆုမြတ်မွန်၏ အမည်မှန်မှာ မယွန်းနဒီမောင် ဖြစ်ပါသည်။

**မယွန်းနဒီမောင်**

## အမည်ပြောင်း

ဦးဇော်ကိုကိုလတ် ၇/ပတန(နိုင်) ၀၀၀၇၉၇၏သမီး မင်းဘူးမြို့ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း G-10မှ မကြယ်စင်လင်းအား မရွှန်းပပခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှန်းပပခင်**

## ကြော်ငြာစာ

